၂၀၁၉ အပြည်အပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အစီရင်ခံစာ - မြန်မာနိုင်ငံ
အပြည်အပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်ရုံး

အစီရင်ခံစာအနှစ်ချုပ်

"ငြိမ်ဝပ်ပိပြားရေးနှင့်သော်လည်းကောင်း၊ ပြည်သူ့ကိုယ်ကျင့်တရားနှင့်သော်လည်းကောင်း၊ ပြည်သူ့ကျန်းမာရေးနှင့်သော်လည်းကောင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်တို့နှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် နိုင်ငံသားတိုင်းသည် ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေးတို့ကို အညီအမျှရရှိစေရမည်" ဟူ၍ ဖွဲ့စည်းပုံအခြေခံဥပဒေက အာမခံပေးထားသည်။ မည်သည့်ဘာသာတရား သို့မဟုတ် ဘာသာရေး ကိုးကွယ်ယုံကြည်မှုကိုဖြစ်စေ စော်ကားသည့် သို့မဟုတ် အသရေညိုးနွမ်းစေနိုင်သည့် အပြုအမူ၊ အပြောအဆိုတို့ကို အခြေခံဥပဒေအရ တားမြစ်ထားသည်။ ဘာသာရေးနှင့် လူမျိုးရေးတို့၏ အချင်းချင်းအနီးကပ် စပ်ဆက်နေသည့် သဘောကြောင့် လွန်ခဲ့သည့် နှစ်များအတွင်း ဘာသာရေးအကြောင်းတရား တစ်ခုတည်းအပေါ်တွင် အခြေခံသည့် အဖြစ်အပျက်များကို ခွဲခြားထုတ်နှုတ်ပြရန်မှာ တစ်ခါတရံ၌ ခက်ခဲတတ်ပါသည်။ အားလုံးနီးပါး မွတ်ဆလင်များဖြစ်နေသည့် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာလူမျိုးများ၊ ကချင်ပြည်နယ်မှ ခရစ်ယာန်ဘာသာဝန်များနှင့် ဟိန္ဒူဘာသာဝင်များကဲ့သို့ အခြားလူနည်းစုများအပေါ် သက်ရောက်စေခဲ့သည့် အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှု၊ နှောက်ယှက်မှုများက ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ (အင်ဂျီအိုများ) ၏အဆိုအရ ဒုက္ခသည် ၇၀၀,၀၀၀ ကျော်ကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးစေခဲ့သည့် ၂၀၁၇ သြဂုတ်လ၏ လူမျိုးရေး သန့်စင်မှုဖြစ်ပေါ်ခဲ့ပြီးနောက် မြန်မာနိုင်ငံတွင် ကျန်ရှိနေသေးသည့် ရိုဟင်ဂျာတို့သည် ၎င်းတို့၏ လူမျိုး၊ ဘာသာ၊ နိုင်ငံသားဖြစ်တည်မှုဟူသည့် အကြောင်းများကြောင့် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်နှင့် ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု၊ အသက်ရှင်ရပ်တည်မှုတို့နှင့်ပတ်သက်၍ ဆိုးဆိုးရွားရွား ဖိနှိပ်မှုများ၊ ကန့်သတ်ချုပ်ချယ်မှုများကို ဆက်လက်တွေ့ကြုံနေကြရဆဲ ဖြစ်သည်။ နိုင်ငံအတွင်းမှ ထွက်ပြေးလာခဲ့ရသည့် ရိုဟင်ဂျာအချို့၏အဆိုအရ ရခိုင်ပြည်နယ်တွင် မတရားမှုများ ဆက်လက် ဖြစ်ပေါ်နေဆဲဖြစ်ပြီး နေထိုင်ခွင့်စိစစ်အတည်ပြုရေးလှုပ်ရှားမှုတွင် ပူးပေါင်းပါဝင်ကြရန် အစိုးရဘက်ကဖိအားပေးမှုများရှိနေပြီး ၎င်းတို့အနေနှင့်မူ ယင်းသို့ပြုလုပ်မှုကို အယုံအကြည်မရှိကြကြောင်း ပြောဆိုကြသည်။ ရိုဟင်ဂျာတို့အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများအနက် အချို့သော ရာဇဝတ်မှုများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တရားလိုရှေ့နေများဘက်က တောင်းဆိုမှုကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုတရားရုံး (အိုင်စီစီ) က နိုဝင်ဘာလတွင် ခွင့်ပြုပေးခဲ့သည်။ ထို့ပြင် ယင်းလတွင်ပင် မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏ လူမျိုးတုံးသတ်ဖြတ်ရေးဆိုင်ရာ ၁၉၈၄ သဘောတူညီချက်တွင် သဘောတူလက်မှတ် ရေးထိုးခဲ့သည့်နိုင်ငံဖြစ်လျက်နှင့် အဆိုပါ သဘောတူညီချက်များကို ချိုးဖောက်ကာ ရိုဟင်ဂျာတို့အပေါ် ပြုမူဆောင်ရွက်ခဲ့ပုံနှင့် ပတ်သက်၍ ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံကို အပြည်ပြည်ဆိုင်ရာ တရားရုံး (အိုင်စီဂျေ) ၌ တရားစွဲဆိုခဲ့သည်။ ထိုနှစ်အတွင်း၌ အဆိုပါ ရိုဟင်ဂျာအရေးကိစ္စနှင့် ပတ်သက်၍ ကုလလက်အောက်ခံအဖွဲ့အစည်းများက သဘောထားမှတ်ချက်များပေးခြင်း၊ အစီရင်ခံစာများ ထုတ်ပြန်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်။ "ရိုဟင်ဂျာတို့ အပေါ်၌ အကြမ်းဖက်မှုနှင့် နှိပ်ကွပ်မှုများဖြစ်ပေါ်နေစေသည့်စနစ်ကို ဖြိုဖျက်ပစ်ရန် မယ်မယ်ရရ ဆောင်ရွက်ထားခြင်း မရှိသေးကြောင်း၊ ရခိုင်ပြည်နယ်တွင် ကျန်ရှိနေသည့် ရိုဟင်ဂျာတို့မှာလည်း ၂၀၁၇ ခုနှစ်၊ သြဂုတ်လ အဖြစ်အပျက်များမတိုင်ခင်က ကဲ့သို့ပင် အလားတူဆိုးဝါးသည့်အခြေအနေများတွင် ရှိနေသေးဆဲဖြစ်ကြောင်း" မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်က စက်တင်ဘာလတွင် ပြောကြားခဲ့သည်။ ကုလသမဂ္ဂ၏ အချက်အလက် ရှာဖွေရေးအထူးအဖွဲ့က အစီရင်ခံစာ အမြောက်အများ ထုတ်ပြန်ခဲ့ပြီး ၎င်းတို့၏ နောက်ဆုံးပိတ် အစီရင်ခံစာကို

စက်တင်ဘာ ၁၆ တွင် ထုတ်ပြန်ခဲ့သည်။ ယင်းအစီရင်ခံစာတွင် ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ် တို့၌ စစ်တပ်က ကျူးလွန်ခဲ့သည့် ရက်စက်ယုတ်မာမှုများကို အသေးစိတ်ဖော်ပြထားပြီး နိဂုံးတွင် "ကျန်ရှိနေခဲ့သည့် ရိုဟင်ဂျာတို့အပေါ် ၌ လူမျိုးတုန်းရှင်းလင်းပစ် နိုင်သည့်အန္တရာယ်မှာ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း" ဖော်ပြထားသည်။ အစိုးရက အဆိုပါ အချက်အလက်ရှာဖွေရေး အထူးအဖွဲ့ကို နိုင်ငံအတွင်းဝင်ရောက်ရန် ခွင့်ပြုချက်မပေးခဲ့သည့်အပြင် အစီရင်ခံစာကို လည်း လူသိရှင်ကြားငြင်းပယ်ခဲ့သည်။ အစိုးရနှင့် စစ်ဘက်အရာရှိအချို့သည် ရိုဟင်ဂျာဆန့်ကျင်ရေး၊ မွတ်ဆလင်ဆန့်ကျင်ရေး ကောလာဟလသတင်းများနှင့် အမုန်းစကားများကို တရားဝင်အခမ်းအနားများတွင်ပင် ဆက်လက်ဖြန့်ဝေနေကြဆဲ ဖြစ်ကြောင်း ဘာသာရေးခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများက အစီရင်ခံကြသည်။ မူဆလင်ဆန့်ကျင်ရေး ဝါဒဖြန့်လုံးများအပါအဝင် အမုန်းစကားများဖြန့်ဝေရန်ရည်ရွယ်ချက်ဖြင့် စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များနှင့် ဆက်စပ်မှုရှိနေသည့် အကောင့်များ၊ စာမျက်နှာများ၊ အုပ်စုများကို ရာနှင့်ချီ၍ ဖေ့စ်ဘွတ်က ဖယ်ရှားပစ်ခဲ့သည်။ ရိုဟင်ဂျာတို့ နေရပ်သို့ပြန်လာနိုင်ကြရန် သြဂုတ်လတွင် မြန်မာနိုင်ငံ အစိုးရနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ဒုတိယအကြိမ်မြောက် ကြိုးပမ်းမှုပြုလုပ်ခဲ့သော်လည်း နိုင်ငံသားဖြစ်မှုအတွက် အာမခံချက် တစ်စုံတစ်ရာမရှိပါက ၎င်းတို့ပြန်လာသည့်တိုင်အောင် လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိနေဦးမည်ဆိုသည့် အကြောင်းပြချက်ဖြင့် ၎င်းတို့ကပြန်လာရန်ငြင်းဆိုခဲ့ကြသည်။ အခြားလူနည်းစုများမှာလည်း အလားတူနှိပ်ကွပ်မှုများကို ခံစားနေကြရဆဲဖြစ်ပြီး ဇူလိုင်လတွင် အမေရိကန်သမ္မတနှင့် တွေ့ဆုံပွဲတွင် ကချင်ပြည်နယ်မှ ခရစ်ယာန် ဘာသာရေး ခေါင်းဆောင်တစ်ဦးက စစ်တပ်၏ ခရစ်ယာန်များအပေါ် "ဖိနှိပ်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှု" အကြောင်းပြောကြားခြင်းနှင့်စပ်လျဉ်း၍ စစ်တပ်က တရားစွဲဆိုမှုပြုလုပ်ခဲ့သော်လည်း နောက်ပိုင်းတွင် ပလပ်ခဲ့သည်။ အာဏာပိုင်များသည် ဘာသာရေးဆိုင်ရာ ကျင့်သုံးဆောင်ရွက်မှုများကို ကန့်သတ်လျက်ရှိပြီး၊ ဘာသာရေးအရ လူနည်းစု ဖြစ်ကြသူများထံ လွတ်လပ်စွာ ဝင်ရောက်သွားလာခွင့်ကို ငြင်းပယ်ခြင်း၊ ဝတ်ပြုရာနေရာများကို ပိတ်ပစ်ခြင်း၊ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ရန်နှင့် ပြန်လည်ပြင်ဆင်ရန် ခွင့်ပြုချက်မပေးခြင်း၊ အလုပ်အကိုင်ရရှိရေးနှင့် အိမ်ရာတည်ထောင်ရေး တို့တွင် ခွဲခြားဆက်ဆံခြင်းတို့ ရှိနေကြောင်း ခရစ်ယာန်၊ ဟိန္ဒူ၊ မူဆလင်အပါအဝင် ဗုဒ္ဓဘာသာမဟုတ်သည့် လူနည်းစုများက ပြောဆိုကြသည်။ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အပါအဝင် ပဋိပက္ခဖြစ်ပွားနေသည့် အချို့ဒေသများတွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာအကူအညီများပေးရန် စစ်တပ်ဘက်က ဘာသာရေးအရ လူနည်းစုများ အပေါ်ကွက်၍ ငြင်းပယ်မှုများ ရှိနေသည့်အတွက် ၎င်းတို့အနေဖြင့် အလွန်တရာခက်ခဲမှုများရင်ဆိုင်နေရကြောင်း အင်ဂျီအိုများ ကတင်ပြကြသည်။ အင်ဂျီအိုများ၏ အဆိုအရ အချို့သော ဒေသန္တရအာဏာပိုင်များကမူ ဘာသာရေးအရ တင်းမာမှုများကို ဖြေလျှော့နိုင်ရန်နှင့် လူမှုအသိုက်အဝန်းများ အချင်းချင်း ဆက်ဆံရေးကောင်းမွန်လာစေရန် လုပ်ဆောင်မှုများရှိနေကြောင်း တင်ပြကြသည်။

နိုင်ငံအတွင်းရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် တိုင်းပြည်အတွက် ခြိမ်းခြောက်မှုတစ်ခုအဖြစ် တည်ရှိနေကြ ဆဲဖြစ်သည်။ ခရစ်ယာန် အင်ဂျီအိုအဖွဲ့များနှင့် မီဒီယာများ၏အဆိုအရ ဖေဖော်ဝါရီလတွင် ရခိုင်လက်နက်ကိုင် အေအေ တပ်ဖွဲ့ဝင်များဟု ယူဆရသူများက ရခိုင်ပြည်နယ်ရှိ မာရဧဝံဂလိဘုရားကျောင်း၏ သင်းအုပ်ဆရာ ဦးသာထွန်းကို အဓမ္မခေါ်ဆောင်၍ သတ်ပစ်ခဲ့သည်ဟု ဆိုသည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးအာဏာသက်ရောက်မှုမရှိသည့် ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင်လည်း ဝပြည်နယ် လက်နက်ကိုင်တပ်ဖြစ်သည့် (UWSA) သည်ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များကို တရားဟောခွင့်မရအောင် ပိတ်ပင်တားဆီးခြင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းများနှင့် သမ္မာကျမ်းစာသင်ကျောင်းတစ်ခုကိုပိတ်ပစ်ခြင်း၊ ခရစ်ယာန်ဘာသာရေးကျင့်သုံးမှုများကို တစ်နည်းနည်းဖြင့်အနှောင့်အယှက်ပြုခြင်းများရှိနေကြောင်း မီဒီယာများ၏အစီရင်ခံစာများနှင့် နှစ်ခြင်းအသင်းတော် ဘာသာရေးခေါင်းဆောင်များ၏အဆိုအရ သိရှိရသည်။

နက်နဲစွာအမြစ်တွယ်နေသည့် အာယာတတရားများကြောင့် ဘာသာရေးအရလူနည်းစုများအပေါ် နိုင်ထက်ကလူပြုကျင့်မှုများနှင့် ခွဲခြားဆက်ဆံမှုများရှိနေခြင်းဖြစ်ကြောင်း ပြည်တွင်းနှင့်နိုင်ငံတကာမှကျွမ်းကျင်သူများက ပြောဆိုနေကြသည့်အချိန်၌ အရပ်ဘက်လူမှုအဖွဲ့အစည်းအချို့၏ ဘာသာတရားအချင်းချင်း သည်းခံနိုင်မှုအားကောင်းလာအောင် ဆောင်ရွက်မှုများလည်း ရှိနေသည်။ မီဒီယာများ၏အစီရင်ခံချက်များအရ အရပ်ဘက်လူမှုဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများသည် ဘာသာရေးအရ ကျင့်သုံးဆောင်ရွက်မှုများနှင့်ပတ်သက်၍ ဘာသာတရားတစ်ခုနှင့်တစ်ခု အပြန်အလှန်သည်းခံမှု၊ လေးစားမှုတို့ အားကောင်းလာ စေရန်နှင့် ဘာသာပေါင်းစုံ ငြိမ်းချမ်းရေးစကားဝိုင်းများ အခြေခိုင်လာစေရန် ဦးဆောင်ဦးရွက်ပြု၍ ကြိုးပမ်းလုပ်ဆောင်နေကြသည်ဟု သိရှိရသည်။ အစွန်းရောက်မျိုးချစ်ပုဂ္ဂိုလ်များပါဝင်သည့် လူအုပ်စုတစ်စုက ရန်ကုန်ရှိ ရမဒန်ကာလ ယာယီဝတ်ပြု ဆုတောင်းရာနေရာကို အတင်းအကြပ် ပိတ်ပစ်ရန် အားထုတ်လာကြသည့်အခါ ဦးစိန္ဓိတအမည်ရသည့် ဗုဒ္ဓဘာသာရဟန်းတော် တစ်ပါးက "နှင်းဆီဖြူ" လှုပ်ရှားမှုအမည်ရသည့် မွတ်ဆလင်မဟုတ်သူများက မွတ်ဆလင်များအား စည်းလုံးညီညွတ်မှု၏ ပြယုဂ်အနေဖြင့် နှင်းဆီဖြူများ ကမ်းပေးကြသည့်လှုပ်ရှားမှုကို ဦးဆောင်ပြုလုပ်ခဲ့ကြောင်း သတင်းစာများကဖော်ပြခဲ့ကြသည်။ ဘာသာပေါင်းစုံ ချစ်ကြည်ရေးတက်ကြွလှုပ်ရှားသူများ၏အဆိုအရ ရန်ကုန်ရှိ နှင်းဆီဖြူ လှုပ်ရှားမှုမှဖြစ်ပေါ်လာသည့် ဖိအားကြောင့် မြို့နယ်အစိုးရက ဗလီများကိုပြန်ဖွင့်ခွင့်ပေးခဲ့ပြီး အစွန်းရောက်လူအုပ်ကြီးကို ဦးဆောင်ခဲ့သူများအား ထောင်ဒဏ်တစ်နှစ် ချမှတ်ခဲ့ကြသည်ဟု သိရှိရသည်။ ယခင်က "မဘသ" အဖြစ်သိခဲ့ပြီး ယခုအခါ ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းအဖြစ် လုပ်ကိုင်နေသည့် အဖွဲ့အစည်းမှ အချို့သောခေါင်းဆောင်များနှင့် အဖွဲ့ဝင်များသည် မွတ်ဆလင်တို့အပေါ် ရှုတ်ချချိုးနှိမ်သည့်ထုတ်ပြန်ချက်များ ဆက်လက်ထုတ်ပြန်နေကြဆဲဖြစ်သည်။ ဗုဒ္ဓဘာသာ၏သာသနာရေးကိစ္စများကို ကြီးကြပ်ကွပ်ကဲနေသော နိုင်ငံတော်အစိုးရက အထောက်အပံ့ပြုထားသည့် နိုင်ငံတော်သံဃမဟာနာယကကော်မတီ (မဟန) က ဇူလိုင်လတွင် ၎င်းတို့၏ ၂၀၁၈ အမိန့်စာကို ထပ်လောင်းထုတ်ပြန်ကြေညာခဲ့သည်။ ယင်းအမိန့်ထုတ်ပြန်ချက်အရ မည်သည့်အသင်းအဖွဲ့သို့မဟုတ် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက် ကိုမျှ "မဘသ" ဟူသောအမည်ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိဘဲ "တရားမဝင်အသင်းအဖွဲ့" တစ်ခုအဖြစ်ကြေညာခဲ့သည်။ ထိုသို့ ထုတ်ပြန်ခဲ့သော်လည်း နိုင်ငံအတွင်းရှိ မဘသ အဖွဲ့၏လက်အောက်ခံ အသင်းအဖွဲ့များမှာ ယင်းအမည်နှင့် ဆက်လက်လုပ်ကိုင်နေကြဆဲ ဖြစ်သည်။ အခြားမဘသ ခေါင်းဆောင်များသည်လည်း မွတ်ဆလင်ဆန့်ကျင်ရေးစကားများကို ၎င်းတို့ဟောကြားသည့်တရားများနှင့် လူမှုမီဒီယာတို့တွင် ထည့်သွင်းဟောပြောရေးသားနေကြဆဲဖြစ်သည်။ ဘာသာရေး ခေါင်းဆောင်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းမှ ဦးဆောင်နေသူများကမူ ဘာသာတူချင်း ပြုလုပ်သည့်ပွဲများနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးပွဲများကို ကြီးမှူးကျင်းပနေကြဆဲဖြစ်ပြီး အမုန်းစကားများဖြန့်ဝေမှုကို စောင့်ကြည့်အကဲခတ်၍ နှိမ်နင်းမှုများပြုလုပ်နိုင်မည့် စနစ်များကို ဆောင်ရွက်လျက်ရှိသည်။

အမေရိကန်သမ္မတ၊ ဒုတိယသမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ကုလသမဂ္ဂဆိုင်ရာ အမေရိကန်သံအမတ်၊ အမေရိကန်နိုင်ငံတကာ ဖွံ့ဖြိုးရေးအေဂျင်စီအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်၊ နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အထူးသံအမတ် အပါအဝင် အမေရိကန်အစိုးရ အဆင်မြင့်အရာရှိကြီးများသည် ဘာသာရေးလွတ်လပ်ခွင့်၊ သဘောထားကြီးမှုတို့နှင့် စပ်လျဉ်း၍ ထောက်ခံဆောင်ရွက်နေကြပြီး ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံမှုများ၊ ရိုဟင်ဂျာတို့အပေါ် ပြုမူဆက်ဆံနေပုံများ၊ ရခိုင်ပြည်နယ်ရှိအခြေအနေများ၊ မွတ်ဆလင်ဆန့်ကျင်ရေးလှုပ်ရှားမှုများနှင့် ဘာသာရေးအရတင်းမာမှုများ ကူးစက်ပျံ့နှံ့လာမည်ကို စိုးရိမ်ကြောင်းပြောဆိုကြသည်။ ဇူလိုင်လတွင် ဝါရှင်တန်ရှိ ဘာသာရေးလွတ်လပ်ခွင့် မြှင့်တင်ခြင်းဆိုင်ရာ ဝန်ကြီးအဆင့်အခမ်းအနား၌ အမေရိကန်ပြည်ထောင်စုသည် ရိုဟင်ဂျာမွတ်ဆလင်များနှင့် ကချင်ခရစ်ယာန်အသိုင်းအဝိုင်းမှ လူအခွင့်အရေးချိုးဖောက်ခြင်းခံရရာမှ လွတ်မြောက်လာသူများကို ပွဲထုတ်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ် လူမျိုးရေးသန့်စင်မှုနှင့် ရိုဟင်ဂျာတို့အား မောင်းထုတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ဒုတိယသမ္မတက "လူမျိုးရေးသန့်စင်မှု

အနေနဲ့ ရိုဟင်ဂျာတွေကို ပြင်းပြင်းထန်ထန် အင်အားသုံးလုပ်ဆောင်ခဲ့တာကြောင့် လူပေါင်း ၇၀၀,၀၀၀ ကျော်ကို နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံထဲကို ထွက်ပြေးစေခဲ့ပါတယ်....ကျွန်တော်တို့ရဲ့ သတိပေးစကားသံတွေကလည်း နားမကြားသူတွေအပေါ် အရာမထင်ခဲ့ပါဘူး" ဟုပြော ကြားခဲ့သည်။ စက်တင်ဘာလတွင် ယူအက်စ်အေအိုင်ဒီ၏ အုပ်ချုပ်ရေးမှူးက ရိုဟင်ဂျာတို့နှင့် အခြားလူနည်းစုအများအပေါ်၌ အခြေခံအခွင့်အရေးများရပိုင်ခွင့်ကို ငြင်းပယ်ထားမှုများ ရှိနေဆဲဖြစ်ကြောင်းမှတ်ချက်ပြုခဲ့သည်။ ဒီဇင်ဘာလတွင် ကုလသမဂ္ဂက မြန်မာ့တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ၎င်း၏လက်ထောက်ဖြစ်သူနှင့် ဗိုလ်မှူးချုပ်နှစ်ဦးအပေါ် တိုင်းရင်းသားလူနည်းစုများနှင့် ဘာသာရေးလူနည်းစုများအား လူအခွင့်အရေးချိုးဖောက်မှုများပြုလုပ်နေသည့်အတွက် ဘဏ္ဍာရေးပိတ်ဆို့မှုများချမှတ်ဆောင် ရွက်ခဲ့သည်။ ထိုနှစ်အတွင်း အမေရိကန်သံအမတ်အပါအဝင် သံရုံးမှ ကိုယ်စားလှယ်တော်များက ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊ ခရစ်ယာန်၊ ဂျူး၊ ဟိန္ဒူဘာသာရေးခေါင်းဆောင်များ၊ လူနည်းစု တိုင်းရင်းသားတို့၏ ဘာသာရေးခေါင်းဆောင်များနှင့် မကြာခဏတွေ့ဆုံခဲ့ပြီး ဘာသာရေးကိုအခြေခံသည့် ခွဲခြားဆက်ဆံမှုများ၊ ဖိနှိပ်မှုများနှင့်စပ်လျဉ်း၍ အလေးအနက်ထားဆွေးနွေးခဲ့ကြသည်။ ထို့ပြင် ထုတ်ပြန်ချက်များ၊ လူသိရှင်ကြားကြေညာချက်များတွင် မတူကွဲပြားမှုနှင့် သဘောထားကြီးမှု၏တန်ဖိုးများကို အလေးထားကြရန်နှင့် ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အပြန်အလှန်လေးစားကြရန် မေတ္တာရပ်ခံခဲ့သည်။

ဘာသာရေးလွတ်လပ်ခွင့်များကို ဆိုးဆိုးရွားရွား ချိုးဖောက်မှုနေမှုများတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် နှုတ်ဆိတ် နေခြင်းတို့ကြောင့် ၁၉၉၈ အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အက်ဥပဒေအရ ၁၉၉၉ ခုနှစ်ကတည်းကစ၍ မြန်မာနိုင်ငံကို "အထူးစိုးရမ်ဖွယ်ရာ (စီပီစီ) နိုင်ငံ" အဖြစ်သတ်မှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံကို စီပီစီ နိုင်ငံအဖြစ် ထပ်မှတ်သတ်မှတ်ခဲ့ပြီး ယင်းသတ်မှတ်ချက်နှင့်အညီ အောက်ပါဒဏ်ခတ်ပိတ်ဆို့မှုကို ချမှတ်ခဲ့သည်။ ဥပေဒ ပုဒ်မ ၄၀၂ (ဂ) (၅) နှင့်အညီ ၂၂ စီအက်ဖ်အာ ၁၂၆.၁ (က) တွင်ဖော်ပြထားသည့် လက်နက်ကုန်သွယ်ခွင့်ကို ဆက်လက် ပိတ်ပင်တားမြစ်ခဲ့သည်။

အခန်း ၁ - ဘာသာရေးဆိုင်ရာ လူဦးရေအချက်အလက်စာရင်း

မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၆.၁ သန်းခန့်ရှိသည်ဟု အမေရိကန်အစိုးရကခန့်မှန်းထားသည် (၂၀၁၉ နှစ်လယ်ခန့်မှန်းချက်)။ မကြာသေးမီကရရှိထားသည့် ခန့်မှန်းချက်များအရ ၈၈ ရာခိုင်နှုန်းခန့်သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များဖြစ်သည်ဟုသိရှိရသည်။ ခြောက်ရာခိုင်နှုန်းမှာ ခရစ်ယာန်များဖြစ်ပြီး (အများစုမှာ နှစ်ခြင်းဘာသာဝင်၊ ရိုမန်ကက်သလစ်နှင့် အင်ဂလီကန်များ ဖြစ်ပြီး ပရိုတက်စတင့် ဘာသာဝင်အနည်းငယ်ရှိသည်။) (ဆွန်နီအများစုပါဝင်နေသည့်) မွတ်ဆလင်ဘာသာဝင်များမှာ လူဦးရေ၏ လေးရာခိုင်နှုန်းရှိသည်။ ၂၀၁၄ သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာများကို ထည့်သွင်းရေတွက်ထားခြင်းမရှိကြောင်း ပြောဆိုမှုများလည်း ရှိသည်။ သို့သော် အန်ဂျီအိုများနှင့် အစိုးရတို့၏ခန့်မှန်းချက်အရ ဆွန်နီမွတ်ဆလင်ဘာသာဝင် ရိုဟင်ဂျာလူဦးရေမှာ အကြမ်းဖက်မှုဖြစ်စဉ် မဖြစ်ပေါ်ခင်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၆ အောက်တိုဘာလတွင် အစုလိုက်အပြုံလိုက်ထွက်ပြေးမှု မဖြစ်ပေါ်ခင်က ၁.၁ သန်း ခန့်ရှိသည်ဟု သိရှိရသည်။ ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂမဟာ မင်းကြီးရုံးနှင့် အခြားအဖွဲ့အစည်းများ၏ လက်တလောခန့်မှန်းချက်များအရ ရိုဟင်ဂျာ ၇၀၀,၀၀၀ ကျော်ခန့်သည် ၂၀၁၇ ခုနှစ် သြဂုတ်လ အစောပိုင်းကတည်းက ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးခဲ့ကြရပြီး ရခိုင်ပြည်နယ်၌ ၅၂၀,၀၀၀ မှ ၆၀၀,၀၀၀ ခန့်အထိ ကျန်ရှိနေဆဲဖြစ်ကြောင်းသိရှိရသည်။ ဟိန္ဒူဘာသာဝင် လူနည်းစုများ၊ တရုတ်ရိုးရာ ဘာသာတရားကိုးကွယ်သူများနှင့် ရှေးအစဉ်အလာဘာသာကိုကိုးကွယ်သူ လူနည်းစုများလည်းရှိနေသည်။ ရန်ကုန်မြို့တွင် ဂျူးဘာသာဝင် လူအနည်းငယ်ခန့်လည်း မှီတင်းနေထိုင်ကြသည်။

လူမျိုးနှင့်ကိုးကွယ်ရာဘာသာတရားတို့အချင်းချင်း သိသိသာသာ နီးနွယ်ပတ်သက်မှုရှိနေကြသည်။ လူအများစုဖြစ်သည့် ဗမာတိုင်းရင်းသားအများစုနှင့် ရှမ်း၊ ရခိုင်၊ မွန်နှင့် အခြားလူမျိုးစုတို့တွင် ထေရဝါဒဗုဒ္ဓဘာသာကို အဓိကကိုးကွယ်ယုံကြည်ကြသည်။ ခရစ်ယာန်ဘာသာ ဂိုဏ်းဂဏအသီးသီးကိုမူ ကချင်၊ ချင်းနှင့် နာဂလူမျိုးတို့က ကိုးကွယ်ယုံကြည်ကြသည်။ ကရင်နှင့် ကရင်နီ လူမျိုးစုတို့တွင်လည်း ခရစ်ယာန်ဘာသာကို ကိုးကွယ်သူအမြောက်အများရှိပြီး အချို့မှာမူ ဗုဒ္ဓဘာသာဝင်များဖြစ်၍ အချို့မှာ မွတ်ဆလင်ဘာသာဝင်များဖြစ်သည်။ အဓိကမြို့ကြီးများနှင့် နိုင်ငံ၏တောင်ပိုင်း ဗဟိုအချက်အချာတွင်နေထိုင်ကြသည့် တောင်အာရှမျိုးရိုးမှ ဆင်းသက်လာသူအများစုသည် ဟိန္ဒူနှင့် မူဆလင်ဘာသာဝင်များဖြစ်ပြီး အချို့မှာ ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာလူမျိုးများနှင့် ကမန်တိုင်းရင်းသားများ၊ ရန်ကုန်၊ ဧရာဝတီ၊ မကွေး၊ မန္တလေးတိုင်းဒေသကြီးရှိ အချို့ဗမာလူမျိုးများနှင့် အိန္ဒိယနွယ်ဖွားအချို့မှာ အစ္စလာမ်ဘာသာကို ကိုးကွယ်ကြသည်။ လူနည်းစုဖြစ်သည့် တရုတ်လူမျိုးများမှာ အများအားဖြင့် တရုတ်ရိုးရာဘာသာကို ကိုးကွယ်ကြပြီး အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာကိုးကွယ်သူ အနည်းငယ်လည်းရှိကြသည်။ တောင်ပေါ်ဒေသများရှိ လူဦးရေအချိုးအစားအရ ပိုနည်းသည့်လူနည်းစုတိုင်းရင်းသားအချို့မှာမူ ရှေးရိုးအစဉ်အလာ ကိုးကွယ်ယုံကြည်မှုများရှိထားကြသည်။

အခန်း ၂ - ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ အစိုးရ၏ လေးစားလိုက်နာမှုအခြေအနေ

တရားရေးမူဘောင်

နိုင်ငံသားတိုင်းသည် လွတ်လပ်စွာယုံကြည်ခွင့်၊ မိမိ၏ဘာသာရေးယုံကြည်ချက်များအတိုင်း ကိုးကွယ်ကျင့်သုံး ခွင့်ရှိထားကြောင်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပြဋ္ဌာန်းထားသည်။ သို့သော် အများပြည်သူ၏ ငြိမ်ဝပ်ပိပြားမှု၊ ကျန်းမာရေး၊ ကိုယ်ကျင့်တရား သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပေဒပါ အခြားပြဋ္ဌာန်းချက်များကို အဟန့်အတားဖြစ်စေပါက ထိုအခွင့်ရေးတို့ကို အခြေခံဥပဒေက ကန့်သတ်ထားသည်။ လုံခြုံရေးဥပဒေများ၊ တရားဥပဒေစိုးမိုးမှု၊ ရပ်ရွာငြိမ်းချမ်းမှု၊ ငြိမ်ဝပ်ပိပြားမှု၊ ပြည်သူ့ကိုယ်ကျင့် တရားတို့နှင့်မဆန့်ကျင်ပါက နိုင်ငံသားတိုင်းသည် မိမိတို့ယုံကြည်ရာဘာသာတရားကို ကိုးကွယ်ကျင့်သုံးခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

မည်သည့်လူ့အဆင့်အတန်းမှ ပုဂ္ဂိုလ်တို့၏ဘာသာရေးခံယူချက်တို့ကိုမဆို ဂုဏ်သိက္ခာထိခိုက်စေရန်ရည်ရွယ်၍ ယင်းဘာသာ သို့မဟုတ် ဘာသာရေးယုံကြည်ချက်တို့ကို စော်ကားခြင်း သို့မဟုတ် အပုတ်ချခြင်းအားဖြင့် တမင်အငြိုးထားကာ ပြောဆို၊ ပြုမူဆောင်ရွက်ခြင်းကို ဥပဒေအရ တားမြစ်ထားသည်။ ထို့ပြင် ဘာသာရေးအရ စော်ကားရန်ရည်ရွယ်ချက်ဖြင့် ဝတ်ပြုရာနေရာ သို့မဟုတ် စျာပနကျင်းပရာနေရာတို့ကို ကျူးကျော်ဝင်ရောက်ခြင်း၊ ရမ်းကားခြင်း၊ ထိခိုက်ပျက်စီးစေခြင်းတို့ကိုလည်း ဥပေဒက တားမြစ်ထားသည်။

နိုင်ငံတော်၏ရန်ဘက်ဖြစ်သူအဖို့ အသုံးဝင်သွားစေနိုင်သည်ဟု ကောက်ချက်ချနိုင်သည့် သို့မဟုတ် ယူဆနိုင်သည့် သို့မဟုတ် ရည်ရွယ်သည့် အပြုအမူတစ်စုံတစ်ရာကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပြုလုပ်သူမည်သူမဆို ရာဇဝတ်မှုဥပဒေအရ ပြင်းထန်သည့်အပြစ်ဒဏ်များကို ကျခံရမည်ဟု နိုင်ငံတော်လျှို့ဝှက်ချက်အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည်။ စစ်ဘက်ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်ပတ်သက်နေကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုကျူးလွန်သူသည် ထောင်ဒဏ် ၁၄ နှစ်အထိ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။

ဘာသာရေးနှင့်နွယ်သည်ဖြစ်စေ၊ မနွယ်သည်ဖြစ်စေ အဖွဲ့အစည်းများအားလုံးသည် တရားဝင်ဖြစ်ရန် အစိုးရထံတွင် မှတ်ပုံတင်ကြရမည်ဖြစ်သည်။ အဖွဲ့အစည်းများအနေဖြင့် အခြေချလုပ်ပိုင်ခွင့်ရရှိရန်၊ ဆောက်လုပ်ရေးခွင့်ပြုချက်များရရှိရန်နှင့် ဘာသာရေးအခမ်းအနားများ ကျင်းပဆောင်ရွက်နိုင်ရန် အဆိုပါတရားဝင်အနေအထားကို ရယူထားကြရမည်ဖြစ်သည်။

ဘာသာရေးအဖွဲ့အစည်းများမှ အဖွဲ့ဝင်များဖြစ်သည့် ခရစ်ယာန်ဘုန်းတော်ကြီးများ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ သီလ ရှင်များကို အစိုးရရုံးများတွင် ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်ခွင့်ကို ဥဒေအရတားမြစ်ထားသည့်အပြင် မဲဆန္ဒပေးခြင်းကို လည်း အခြေခံဥပဒေက တားမြစ်ထားသည်။ ဗုဒ္ဓဘာသာရဟန်းတော်များ (သံဃာများ) ကို နိုင်ငံရေးလှုပ်ရှားမှုများ၊ ဆန္ဒ ထုတ်ဖော်မှုများ ပြုလုပ်ခြင်းမပြုရန် အစိုးရက ဥပဒေဖြင့်တားမြစ်ထားသည်။ "နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ဘာသာတရားကို အလွဲသုံးစားပြုမှုခြင်းအား" အခြေခံဥပဒေကလည်း ပိတ်ပင်တားမြစ်ထားသည်။

နိုင်ငံတော်ဘာသာအဖြစ် တရားဝင်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း "ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံတော်၏ နိုင်ငံသားအများဆုံး ကိုးကွယ်ရာဖြစ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့် သာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်" ဟူ၍ အခြေခံဥပဒေတွင် ဖော်ပြထားသည်။ အခြေခံဥပဒေက "ခရစ်ယာန်ဘာသာသာသနာ၊ အစ္စလာမ် ဘာသာသာသနာ၊ ဟိန္ဒူ ဘာသာသာသနာနှင့် နတ်ကိုးကွယ်သောဘာသာတို့ကို ဤဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်သော နေ့၌ နိုင်ငံတော်တွင်ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍လည်း အသိအမှတ်ပြုထားသည်"။

နိုင်ငံတော်ကအသိအမှတ်ပြုထားသည့် သံဃဂိုဏ်း ကိုးဂိုဏ်းမှတစ်ပါး ဗုဒ္ဓဘာသာဘုန်းကြီးများဖြင့် ဖွဲ့စည်းထားသည့် မည်သည့်အဖွဲ့အစည်းကိုမဆို အစိုးရက တားမြစ်ပိတ်ပင်ထားသည်။ အဆိုပါတားမြစ်ချက်ကိုချိုးဖောက်ပါက ချက်ချင်း လူဝတ်လဲစေခြင်းနှင့် ရာဇဝတ်မှုဥပဒေအရ ပြစ်ဒဏ်ပေးခြင်းတို့ကို ပြုလုပ်နိုင်သည်။ ယင်းသံဃဂိုဏ်း ကိုးဂိုဏ်းသည် နိုင်ငံတော် သံဃမဟာနာယကကောင်စီမှ ချမှတ်သည့် အမိန့်ထုတ်ပြန်ချက်များကို နာခံရပြီး ယင်းကောင်စီဝင်များကို သံဃာ များထဲက ရွေးကောက်တင်မြှောက်ကြသည်။

ဗုဒ္ဓသာသနာတော် ထွန့်ကားပြန့်ပွားရေးအတွက် သာသနာရေးဝန်ကြီးဌာနက ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ၊ စာသင် ကျောင်းများနှင့် အစိုးရနှင့်ဆက်စပ်နေသည့်ကိစ္စရပ်များကို ကြီးကြပ်ဆောင်ရွက်ရသည်။ ပြည်သူပိုင်စာသင်ကျောင်းများတွင် ဘာသာရေးနှင့်ဆိုင်သည့်ပညာရေးကို ထည့်သွင်းထားခြင်းမရှိသော်လည်း ဗုဒ္ဓဘာသာဝင်ကျောင်းသားအများစုရှိနေသည့် စာသင်ကျောင်း အချို့တွင်မူ စာသင်နေ့တစ်နေ့တာကို ဗုဒ္ဓဘာသာဓလေ့အရ ဘုရားရှိခိုးခြင်းဖြင့် စတင်တတ်သည်။

"အမျိုးဘာသာသာသနာစောင့်ရှောက်ရေး" အတွက် ၂၀၁၅ ခုနှစ်တွင်ပြဋ္ဌာန်းခဲ့သည့် ဥပဒေလေးခုသည့် သက်ရောက်မှု ရှိနေဆဲ ဖြစ်သည်။ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများ၏ အထူးလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာဥပဒေက ဗုဒ္ဓဘာသာဝင်အမျိုးသမီး များနှင့် ဗုဒ္ဓဘာသာမဟုတ်သူ အမျိုးသားတို့ လက်ထက်ထိမ်းမြားခြင်းနှင့်သက်ဆိုင်သည့် သတ်မှတ်ချက်များနှင့် အသိအမှတ်ပြုရေး လိုအပ်ချက်များကို ပြဋ္ဌာန်းထားသည်။ ဗုဒ္ဓဘာသာမဟုတ်သည့် ခင်ပွန်းဖြစ်သူသည် ယင်းဥဒေကို မဖြစ်မ နေလိုက်နာရမည်ဖြစ်ပြီး လိုက်နာခြင်းမရှိပါက ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်သည်။ ဘာသာပြောင်းလဲရေးဥပဒေသည် ဘာသာ အယူဝါဒပြောင်းလဲရေးနှင့် ပတ်သက်၍ များပြားလွန်းသည့် လျှောက်လွှာများ၊ ထောက်ခံချက်များရယူစေဖို့ ပြဋ္ဌာန်းထားသည့် ဥပဒေမျိုးဖြစ်သည်။ လူဦးရေ ထိန်းချုပ်ရေးဥပဒေက လူဦးရေထိန်းချုပ်ရေးလုပ်ဆောင်ချက်များကို ကျင့်သုံးဆောင်ရွက်နိုင် သည့် အထူးဒေသများသတ်မှတ် ပြဋ္ဌာန်းခွင့်ကိုခွင့်ပြုပေးထားပြီး ဒေသန္တရအာဏာပိုင်များအား သုံးနှစ်တာ သားဆက်ခြားမှုကို အကောင်အထည်ဖော်ဆောင်ရွက် နိုင်စေရန် အခွင့်အာဏာပေးအပ်ထားခြင်းမျိုးလည်းပါဝင်သည်။ တစ်လင်တစ်မယားဥပဒေ က လင်ပြိုင်မယားပြိုင်ဓလေ့များကို တားမြစ်ထားပြီး နိုင်ငံတော်၏ ပြစ်မှုဆိုင်ရာဥပဒေတွင်လည်း ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်း ထားပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် အရပ်ဘက်ပြည်သူ့အခွင့်အရေးနှင့်နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာပဋိညာဉ် စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်နိုင်ငံမဟုတ်ပေ။

အစိုးရ၏ကျင့်သုံးဆောင်ရွက်မှုများ

နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ဂမ်ဘီယာနိုင်ငံက အပြည်ပြည်ဆိုင်ရာတရားရုံး (အိုင်စီဂျေ) ၌ ရိုဟင်ဂျာတို့အပေါ် မြန်မာနိုင်ငံ၏ အရေးယူဆောင်ရွက်မှုများက ကုလသမဂ္ဂ၏ လူမျိုးတုန်းသတ်ဖြတ်မှု တားဆီးနှိမ်နင်းရေးဆိုင်ရာ ၁၉၄၈ သဘောတူညီ ချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသည့် နိုင်ငံတစ်ခုအနေဖြင့် ယင်းတို့ကို ချိုးဖောက်မှုရှိနေကြောင်း စွဲချက်တင်ခဲ့သည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၁၀-၁၂ ရက် အိုင်စီဂျေ ကနဦးကြားနာမှုများတွင် နိုင်ငံကိုယ်စားပြု၍ တက်ရောက်ဖြေရှင်းခဲ့သည်။ စစ်တပ်၏လုပ်ဆောင်ချက်များကို "နယ်မြေ ရှင်းလင်းရေး" လုပ်ဆောင်မှု အဖြစ်သတ်မှတ်ခဲ့ပြီး အာဆာအဖွဲ့ဝင် ရာနှင့်ချီ၍ချေမှုန်းနိုင်ခဲ့ကြောင်းပြောဆိုခဲ့သည်။ "အင်အားမ မျှမတ သုံးစွဲခဲ့မှုတွေ မရှိခဲ့ဘူးလို့ တပ်အပ်မပြောနိုင်" သို့မဟုတ် "အာဆာအကြမ်းဖက် တိုက်ခိုက်ရေးသမားများနှင့် အရပ်သား တို့ကို ကောင်း ကောင်းခွဲခြားနိုင်ခဲ့ခြင်း ရှိ၊ မရှိကိုလည်း တပ်အပ်မပြောနိုင်ပါ" ဟူ၍ပြောကြားခဲ့သည်။ ထို့ပြင် "လူမျိုးပြန်းတီး စေရန် ရည်ရွယ်ချက်ရှိသည်ဆိုသည့် ယူဆချက်တစ်ခုတည်းကိုသာ ကောက်ချက်ချလို့မဖြစ်နိုင်ပါ" ဟူ၍လည်းပြောဆိုခဲ့သည်။ လက်ရှိအာဏာရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) သည် ရန်ကုန်မြို့နှင့် အခြားနေရာများ၌ အများပြည်သူတို့ပါဝင်သည့် ဆန္ဒပြပွဲများ၊ မြင်သာ ထင်သာရှိသည့် ကြော်ငြာဆိုင်းဘုတ်များဖြင့် ဒေါ်အောင်ဆန်းစုကြည်၏ပုံရိပ်ကို ပံ့ပိုးပေးရန်ကြိုးပမ်းခဲ့ သည်။ ယင်းသို့စိုက်ထူခဲ့သည့် ကြော်ငြာဆိုင်းဘုတ်များအနက်တစ်ခုတွင်မူ ဒေါ်အောင်ဆန်းစုကြည်ကို လက်ရှိစစ်တပ်မှ ထိပ်တန်းဗိုလ်ချုပ်ကြီးသုံးဦး၏ ရှေ့တွင်ထား၍ "ကျွန်ုပ်တို့အားလုံး သင်နှင့်အတူရပ်တည် လျက်ရှိသည်" ဟူသည့် ခေါင်းစီးဖြင့် ဖော်ပြထားခဲ့ပြီး ယင်းဆိုင်းဘုတ်ကို နောက်ပိုင်းတွင် ပြန်လည်ဖယ်ရှားပစ်ခဲ့သည်။

မြန်မာနိုင်ငံ၌ လူနည်းစုရိုဟင်ဂျာတို့အပေါ်၌ ကျူးလွန်ခဲ့သည့် အချို့သောရာဇဝတ်မှုများနှင့်ပတ်သက်၍ စွဲချက်များ အား စုံစမ်းစစ်ဆေးရန် တရားလိုတို့ဘက်က တောင်းဆိုမှုကို အိုင်စီစီက နိုဝင်ဘာ ၁၄ ရက်နေ့တွင် အိုင်စီစီ၏ ထုတ်ပြန်ချက်တစ် ခုနှင့်အညီ ခွင့်ပြုပေးခဲ့သည်။ မြန်မာနိုင်ငံသည် အိုင်စီစီအဖွဲ့ဝင်နိုင်ငံမဟုတ်စေကာမူ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ရာဇဝတ်မှုနှင့်ပတ်သက်သည့် အကြောင်းတရားများကို ဖြစ်ပေါ်စေခဲ့ခြင်းနှင့် ထွက်ပြေးသွားသည့်ရိုဟင်ဂျာအများစုမှာ ယင်း နိုင်ငံထဲသို့ ဝင်ရောက်ဝင်ခိုလှုံခဲ့ခြင်းကြောင့် အဆိုပါရာဇဝတ်မှုများအား စီရင်ဆုံးဖြတ်ခွင့်ရှိသည်ဟု တရားရုံးတော်က သတ်မှတ်ခဲ့သည်။

စက်တင်ဘာ ၁၆ ရက် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအထူးအဖွဲ့၏ အသေးစိတ်တွေ့ရှိချက်များအပါအဝင် အဆိုပါ နှစ်အတွင်း ထုတ်ပြန်ခဲ့သည့် ရခိုင်ပြည်နယ်မြောက်ပိုင်း လူမျိုးရေးသန့်စင်မှုနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးမှုများက အရပ်သား ရိုဟင်ဂျာတို့အပေါ် တရားဥပဒေပြင်ပကွပ်မျက်မှု၊ ဘလက္ကာယပြုကျင့်မှု၊ နှိပ်စက်ညှင်းပန်းမှုတို့အပါအဝင် စနစ်တကျ နိုင်ထက် စီးနင်း ပြုကျင့်မှုတို့နှင့်ပတ်သက်သည့် သတင်းတို့ကို ပိုမိုခိုင်မာလာစေခဲ့သည်။ စက်တင်ဘာလတွင် အခွင့်အာဏာ ကုန်ဆုံးစေရမည်ဟူသော သတ်မှတ်ချက်ဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက ၂၀၁၇ ခုနှစ်တွင် ဖွဲ့စည်း ပေးလိုက်သည့် ကုလသမဂ္ဂ အချက်အလက်ရှာဖွေရေးအထူးအဖွဲ့၏ အစီရင်ခံစာအရ "ပြီးခဲ့သည့်နှစ်ကတည်းက ရခိုင်ပြည်နယ် ရှိ ရိုဟင်ဂျာတို့၏အခြေအနေမှာ များစွာပြောင်းလဲမှု မရှိသေးကြောင်း၊ ရိုဟင်ဂျာတို့အပေါ်၌ တရားစွဲဆိုမှုများပြုလုပ်နိုင်သည့် အစိုးရ၏ဥပဒေများ၊ မူဝါဒများနှင့် ကျင့်ထုံးများမှာ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း" သိရှိရသည်။ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားဒေသများတွင် စစ်တပ်ကကျူးလွန်ခဲ့သည့် ယုတ်မာရိုင်းစိုင်းမှုများကို ဖော်ပြထားသည့် အဆိုပါအစီရင်ခံစာတွင် ၂၀၁၇ ခုနှစ် သြဂုတ်လ ၂၅ ရက်နေ့တွင် ရိုဟင်ဂျာတို့အပေါ် ပြုကျင့်ခဲ့သည့် "နယ်မြေ ရှင်းလင်းရေးလုပ်ဆောင်ချက်များ" ဟူသည့် အကြောင်းအရာ အတိမ်အနက်နှင့်ပတ်သက်၍ ထပ်မံစုံစမ်းစစ်ဆေးမှုများအရ

ရှာဖွေတွေ့ရှိချက်များကို ပိုမိုခိုင်မာလာစေခဲ့ကြောင်းနှင့် လူမျိုးတုံးသတ်ဖြတ်လိုသည့် သဘောရှိနေသည်ဟု ကောက်ချက်ချနိုင်ကြောင်း၊ အဆိုပါတိုက်ခိုက်မှုများသည် ကြိုတင်ကြံစည်၍ လုပ်ဆောင်ခြင်းမျိုးဖြစ်ကြောင်း၊ ရိုဟင်ဂျာတို့အပေါ်ပစ်မှတ်ထား၍ အစိုးရကိုယ်တိုင်ပါဝင်၍ ကျကျနနရေးဆွဲထားသည့် မူဝါဒမျိုးရှိနေသည်ဟု ယူဆနိုင်ကြောင်းဖော်ပြထားသည်။ အစိုးရအနေဖြင့်မူ အဆိုပါအချက်အလက်ရှာဖွေရေးအထူးအဖွဲ့ကို နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မပြုခဲ့သလို ယင်းအစီရင်ခံစာကိုလည်း လူသိရှင်ကြားငြင်းဆိုခဲ့သည်။ အဆိုပါအစီရင်ခံစာအရ (ခရစ်ယာန်အများစုနေထိုင်ကြသည့်) ကချင်ပြည်နယ်နှင့် (ဗုဒ္ဓဘာသာဝင်အများစုနေထိုင်ကြသည့်) ရှမ်းပြည်နယ်တို့တွင်လည်း ၂၀၁၁ ခုနှစ်မှစတင်၍ စစ်တပ်၏စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများကို စစ်ဆေးတွေ့ရှိရကြောင်း သိရှိရသည်။

၂၀၁၇ ခုနှစ်၊ ရခိုင်ပြည်နယ်အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးရန် အစိုးရကဖွဲ့စည်းပေးခဲ့သည့် ၂၀၁၈ လွတ်လပ်သော စုံစမ်းရေးကော်မရှင်အဖွဲ့သည် နှစ်ကုန်သည့်တိုင်အောင် မည်သည့်တွေ့ရှိချက်ကိုမှ ထုတ်ပြန်ပေးခဲ့ခြင်းမရှိပေ။ နိုင်ငံတကာနှင့်ပြည်တွင်းရှိ လူအခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏အဆိုအရ လုံခြုံရေးတာဝန်ယူထားသည့်တပ်ဖွဲ့များ၏ ရခိုင်ပြည်မြောက်ပိုင်းရှိ ရိုဟင်ဂျာတို့အပေါ်၌ ၂၀၁၆ ခုနှစ်တွင် ကျူးလွန်ခဲ့သည့် မတရားမှုများနှင့်ပတ်သက်၍ ယခင်အစိုးရက ဦးဆောင်ပြုလုပ်ခဲ့သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာများတွင်လည်း အဆိုပါလုံခြုံရေးတပ်ဖွဲ့ဝင်များ၏တာဝန်ရှိမှုနှင့်ပတ်သက်၍ မည်သည့်တွေ့ ရှိချက်ကိုမှ ဖော်ပြထားခဲ့ခြင်းမရှိသကဲ့သို့ ယင်းအစီရင်ခံစာများတွင် အမှားအယွင်းများစွာပါရှိနေကြောင်း နိုင်ငံတကာမှ စောင့်ကြည့် အကဲခတ်နေသူများက ဝေဖန်ခဲ့ကြသည်။

ရခိုင်ပြည်မြောက်ပိုင်း အင်းဒင်ရွာ၌ ရိုဟင်ဂျာအမျိုးသားနှင့်လူငယ် ၁၀ ဦးကို လုံခြုံရေးတပ်ဖွဲ့များက အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့်ပတ်သက်၍ စုံစမ်းထောက်လှမ်းခဲ့မှုကြောင့် တရားဝင်လျှို့ဝှက်ချက်များဆိုင်ရာ အက်ဥပဒေအရ ၂၀၁၇ ဒီဇင်ဘာတွင် အစိုးရက ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး ၂၀၁၈ စက်တင်ဘာလတွင် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့သည့် ရိုက်တာသတင်း ထောက်နှစ်ဦးကို နိုင်ငံတော်သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် မေလ ၇ ရက်နေ့တွင် ပြန်လွှတ်ပေးခဲ့သည်။ ရိုက်တာက မေလတွင်ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရ အင်ဒင်ရွာလူသတ်မှုအတွက် ၂၀၁၈ ခုနှစ်တွင် ထောင်ဒဏ် ၁၀ နှစ် ပြစ်ဒဏ်ချမှတ် ခံခဲ့ရသည့် စစ်သားများကို ၂၀၁၈ နိုဝင်ဘာလတွင် ပြန်လွှတ်ပေးခဲ့သည်ဟု သိရှိရသည်။ ယင်းစစ်သားများမှာ ရခိုင်ပြည်နယ်၌ ရိုဟင်ဂျာတို့အပေါ်ကျူးလွန်ခဲ့သည့် အစုလိုက်အပြုံလိုက် ရက်ရက်စက်စက်သတ်ဖြတ်မှုများအတွက် တရားစီရင်ခြင်းခံရသည့် တစ်စုတည်းသော ပုဂ္ဂိုလ်များဖြစ်သည်။

မြန်မာနိုင်ငံလူအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီးလီက “ (ရိုဟင်ဂျာတွေကို) နိုင်ငံသားအဖြစ် အသိအမှတ်ပြုပေးဖို့နဲ့ပတ်သက်ပြီး ငြင်းပယ်ခံနေရပြီး (အေအေနဲ့တပ်မတော်တို့ရဲ့ ဆက်လက်ဖြစ်ပေါ်နေဆဲ လက်နက်ကိုင်ပဋိပက္ခလိုမျိုး) အကြမ်းဖက်တိုက်ခိုက်မှုတွေကို ဆက်လက်ခံစားနေကြရဆဲဖြစ်ပါတယ်။ (ဒါ့အပြင်) လွတ်လပ်စွာသွားလာခွင့်မရှိသလို၊ အစားအစာ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ပညာရေး၊ စားဝတ်နေရေးနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကို ရယူနိုင်မှုမှာလည်း အင်မတန်နည်းပါး နေသေးပါတယ်” ဟူ၍ လူအခွင့်အရေးကောင်စီသို့ စက်တင်ဘာလတွင် ပြောကြားခဲ့သည်။

ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး၏အဆိုအရ ဇန်နဝါရီနှင့် စက်တင်ဘာလအတွင်း ရိုဟင်ဂျာ ၁,၁၃၂ ဦးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထပ်မံ ထွက်ပြေးခဲ့သည်။ ထိုနှစ် ၂၀၁၈ ကာလအတွင်းကပင် ၁၃,၇၆၄ ဦး ထွက်ပြေးခဲ့ပြီးဖြစ်သည်ဟု သိရှိရသည်။ ၂၀၁၇ ခုနှစ်တွင် ဘင်္ဂလား ဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးခဲ့သည့် ရိုဟင်ဂျာ ၇၀၀,၀၀၀ အနက် ၃,၄၅၀ ခန့်ကို စတင်လက်ခံရန်လိုအပ်သည်များကို အစိုးရဘက်က ပြင်ဆင်ပေးခဲ့သည်။ ထိုသို့ပြန်လည်ဝင်ရောက်မှုကို စတင်ဆောင်ရွက်ရန် သြဂုတ်လတွင် မြန်မာနိုင်ငံအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်အစိုးရတို့ ဒုတိယအကြိမ်အဖြစ် ကြိုးပမ်းလုပ်ဆောင်နေစဉ်အတွင်း ရိုဟင်ဂျာတို့က နိုင်ငံသားဖြစ်ခွင့် အာမခံချက်မရှိပါက လူ့အခွင့်အရေးချိုး ဖောက်မှုရှိလာနိုင်သည့်အတွက် နေရပ်သို့ပြန်လာရန်

ငြင်းဆန်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များကလည်း သူတို့ဘက်က မည်သူ့ကိုမျှပြန်သွားရန် အတင်းအကြပ်ဖိအားပေး သွားမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည့်အတွက် နေရပ်သို့ပြန်ရန် မည်သူမျှမရွေးချယ်ခဲ့ကြပေ။

၂၀၁၂ ခုနှစ် အစောပိုင်း အကြမ်းဖက်မှုဖြစ်စဉ်ဖြစ်ပွားပြီးကတည်းက ရိုဟင်ဂျာ ၁၂၀,၀၀၀ ခန့်သည် နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်းများတွင် ပိတ်မိနေဆဲဖြစ်ကြောင်း အန်ဂျီအိုအဖွဲ့အတော်တော်များများက အစီရင်ခံတင်ပြကြသည်။ ရိုဟင်ဂျာတို့အား နိုင်ငံအတွင်းသွားလာခွင့်နှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများမှာ အလွန်ပြင်းထန်ကြောင်းသိရှိရသည်။ ရိုဟင်ဂျာအများစု နေထိုင်ကြသည့် ရခိုင်ပြည်နယ်၌ပင် အများအားဖြင့် နိုင်ငံမဲ့နေသည့်ရိုဟင်ဂျာအား ဒေသတွင်းသွားလာရေးအတွက် အထူးစာရွက် စာတမ်းများနှင့် ခရီးသွားလာခွင့်များ ယူဆောင်သွားကြရန် အာဏာပိုင်များက သတ်မှတ်ထားကြောင်း သိရှိရသည်။

ရခိုင်ပြည်နယ်မှ ရန်ကုန်သို့သွားရန်ကြိုးစားခဲ့သည့် ရိုဟင်ဂျာအမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ်များပါဝင်သည့် လူ ၃၀ ကို စက်တင်ဘာလတွင် ရဲများကဖမ်းဆီးခဲ့ကြသည်။ မီဒီယာတို့၏အဆိုအရ နိုင်ငံသားဖြစ်သူတိုင်းသည် မိမိတို့၏သက်သေခံ အထောက်အထားကိုပြနိုင်ရန် နိုင်ငံသားမှတ်ပုံတင်ကဒ်များ လက်ဝယ်ရှိထားရမည်ဟူသော ဥပဒေပြဋ္ဌာန်းချက်ဖြင့် ၎င်းတို့အနက် ၂၁ ဦးအား ထောင်ဒဏ် နှစ်နှစ်အထိ ပြစ်ဒဏ်ချမှတ်ခြင်းခံခဲ့ရကြောင်း သိရှိရသည်။ ရိုဟင်ဂျာများသည် ရခိုင်ပြည် နယ်ရှိ ကျေးရွာများမှ ထွက်ပြေးတိမ်းရှောင်နေကြခြင်းဖြစ်ကြောင်း အာဏာပိုင်တို့က လွတ်လပ်သောအာရှအသံ (အာအက်ဖ်အေ) သို့ ပြောကြားခဲ့ပြီး လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏အဆိုအရမူ ယင်းဒေသများ၌ အကြမ်းဖက်မှုနှင့် လူမျိုးရေးသန့်စင်မှုများ ကျူးလွန်လျက်ရှိခြင်းဖြစ်ကြောင်း သိရှိရသည်။

အမေရိကန်သမ္မတနှင့် ဝါရှင်တန်ရှိ အိမ်ဖြူတော်၌ ဇူလိုင် ၁၇ ရက်နေ့တွင် တွေ့ဆုံစဉ်ကပြောဆိုခဲ့သည့် သဘောထားမှတ်ချက်များကြောင့် ကချင်နှစ်ခြင်းအသင်းတော်မှ သိက္ခာတော်ရ ဒေါက်တာခလမ်ဆမ်ဆွန်ကို စက်တင်ဘာလတွင် စစ်တပ်က တရားစွဲဆိုခဲ့သည်။ အဆိုပါသဘောထားမှတ်ချက်များတွင် ဇူလိုင်လက အမေရိကန်အစိုးရကပြုလုပ်ခဲ့သည့် ဗီဇာကန့်သတ်ချက် များကို ချီးကျူးထောက်ခံပါကြောင်းနှင့် မြန်မာနိုင်ငံရှိ ခရစ်ယာန်တို့သည် "ဖိနှိပ်ညှဉ်းပန်းမှုတို့ ခံစားရကြောင်း" တို့ပါဝင်ခဲ့သည်။

မိမိကိုယ်ကို မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးအဖြစ်ခံယူထားသည့် မန္တလေးမဘာသအဖွဲ့၏ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးဝီရသူ အမည်ရှိ ရဟန်းအား နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကို ဝေဖန်ပြောဆိုမှုကြောင့် အစိုးရက မေလတွင် နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် ဖမ်းဝရမ်းထုတ်ပြန်ခဲ့သည်။ ယင်းသည် ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်နိုင်သည့် တရားစွဲဆို မှုမျိုးလည်းဖြစ်သည်။ သို့သော် နှစ်ကုန်သည်အထိ အဆိုပါဦးဝီရသူဆိုသူမှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်သည်။

ရခိုင်ပြည်နယ်တောင်ပိုင်း အမ်းမြို့နယ်တွင် ဒေသန္တရအရာရှိများက သင်းအုပ်ဆရာ တစ်ဦးအပါအဝင် ချင်းလူမျိုး ခရစ်ယာန်ဘာသာဝင်သုံးဦးအား ဗုဒ္ဓဘာသာသို့ပြောင်းရန် သို့မဟုတ် ခရစ်ယာန်ဘာသာရေးလှုပ်ရှားမှုများ လုပ်ဆောင်ခဲ့သည့်အတွက် ဒဏ်ငွေ ၁၀၀,၀၀၀ ကျပ် (၆၈ ဒေါ်လာ) ပေးဆောင်၍ ရွာမှထွက်သွားရန် အတင်းအကြပ်စေခိုင်းခဲ့ကြောင်း ချင်းလူ့အခွင့်အရေးအဖွဲ့ (စီအိပ်ချ်အာအို) က မေလတွင် အစီရင်ခံတင်ပြခဲ့သည်။ စီအိပ်ချ်အာအို၏အဆိုအရ ဒေသအတွင်းရှိ အချို့သော ခရစ်ယာန်ဘာသာဝင်များသည် ၎င်းတို့၏သက်ဝင်ယုံကြည်မှုကို အကြောင်းပြု၍ ဒေသန္တရအာဏာပိုင်များ၏ နှုတ်ဖြင့် စော်ကား ပြောဆိုမှု၊ ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကို ခံစားနေကြရပြီး အနီးအနားရွာများသို့ ပြောင်းရွှေ့ခြင်းခံခဲ့ရကြောင်း သိရှိရသည်။

ယခုအစီရင်ခံစာပြုစုသည့်နှစ်အတွင်းတွင် ကုလသမဂ္ဂနှင့် အန်ဂျီအို လူသားချင်းညာတာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအဖွဲ့များနှင့် မီဒီယာများအပါအဝင် ပြင်ပအဖွဲ့အစည်းများအား ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ကချင်ပြည်နယ်သို့ ဝင်ထွက်သွားလာခွင့်ကို အစိုးရက တင်းတင်းကြပ်ကြပ် ကန့်သတ်ထားခဲ့သည်။ ဒိန်းမတ်ဒုက္ခသည်ဆိုင်ရာ အကူအညီပေးရေး ကောင်စီ၏အဆိုအရ နိုင်ငံအတွင်း အကူအညီပေးနေသည့်အဖွဲ့များအတွက် အစိုးရ၏ ခရီးသွားလာခွင့်ပြုလုပ်ပေးသည့် လုပ်ငန်းစဉ်သည် ဒုက္ခရောက်နေသူများထံသို့ လူသားချင်း စာနာထောက်ထားမှုအကူများပေးရာတွင် ကန့်သတ်ချုပ်ခြယ်မှု တစ်မျိုးကဲ့သို့ဖြစ်နေပြီး အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေကို ချိုးဖောက်ရာ ရောက်သည်ဟုသိရသည်။ ယခုအစီရင်ခံစာပြုစုသည့်နှစ်အတွင်းတွင် ကြက်ခြေနီလှုပ်ရှားမှုနှင့် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်တို့က အရေးပေါ်အသက်ကယ်ဆယ်ရေး လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေမည့် အများအားဖြင့် မြင်သာထင်သာရှိသည့် လုပ်ဆောင်မှုများကိုမူ ဆက်လက်ထိန်းထားနိုင်ခဲ့ကြ သည်။ La Croix International ၏ အဆိုအရ ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ (ကေအိုင်အို) ကထိန်းချုပ်ထားသည့် တရုတ်ပြည်နယ်စပ်ရှိ ဒုက္ခသည်စခန်းများသို့ ကယ်ဆယ်ရေးပစ္စည်းများ သွားရောက် ထောက်ပံ့ခဲ့သည့်အတွက် ကချင်နှစ်ခြင်းအသင်းတော်မှ တာဝန်ရှိသူများကို တရားစွဲဆိုမည်ဟု အစိုးရဘက်က ခြိမ်းခြောက်မှုများ ရှိခဲ့သည်ဟုသိရှိရသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများကိုရွေးထုတ်၍ စစ်သားများ၊ လက်နက်ခဲယမ်းများ၊ ရိက္ခာများသယ်ပို့ရာတွင် အတင်းအကြပ်ခိုင်းစေမှုများ အာဏာပိုင်တို့က ဆက်လက်ပြုလုပ်နေကြောင်း၊ ၎င်းရိုဟင်ဂျာတို့အား ဥပဒေမဲ့ ဖမ်းဆီးမှုများ ရှိနေကြောင်း၊ ၎င်းတို့၏နေအိမ်များ သို့မဟုတ် ဘာသာရေးအဆောက်အအုံများဆောက်လုပ်ရာတွင် နှောင့်နှေး ကြန့်ကြာစေရန် ကန့်သတ်ချက်များ ပြုလုပ်နေကြကြောင်း သတင်းအရင်းအမြစ်အမြောက်များက ဖော်ပြခဲ့ကြသည်။

ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ အာဏာပိုင်များက ရိုဟင်ဂျာတို့အား လူငါးဦးထက်ပို၍ လူသိရှင်ကြား စုဝေခြင်းမပြုကြရန် ဆက်လက်တားမြစ်ထားကြောင်း သိရှိရသည်။ ထိုသို့ လူငါးဦးထက်ပို၍ စုဝေးခွင့်မပြုသည့်ဥပဒေကို စျေးများနှင့် စာသင်ကျောင်း များတွင်သာ ခြွင်းချက်ထားပေးထားကြောင်း ရိုဟင်ဂျာဒုက္ခသည်များ၏ အစီရင်ခံမှုများအရ သိရှိရသည်။

၂၀၁၁ ခုနှစ်တွင် ပြန်လည်စတင်ခဲ့သည့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့ရှိ အစိုးရတပ်နှင့် တိုင်းရင်းသား လက်နက်ကိုင်တပ်တို့၏ ပစ်ခတ်တိုက်ခိုက်မှုများက ဆက်လက်ဖြစ်ပွားနေဆဲဖြစ်သည်။ ကုလသမဂ္ဂ၏ ခန့်မှန်းချက်အရ ထိုသို့ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခများကြောင့် ထွက်ပြေးတိမ်းရှောင်နေရသူ ၁၀၇,၀၀၀ ခန့်ရှိနေပြီး အများစုမှာ ခရစ်ယာန်များဖြစ်ကြ၍ အခြားဘာသာဝင်များလည်းရှိနေကြသည်ဟု သိရှိရသည်။ မီဒီယာနှင့် အန်ဂျီအိုအစီရင်ခံများအရ ကချင်ပြည်နယ်ရှိ ခရစ်ယာန်ဘာသာဝင်များသည်လည်း ရခိုင်ပြည်နယ်တွင်ဖြစ်ပေါ်နေသည့် အလားတူ အခြေအနေအတိုင်း စစ်တပ်က ၎င်းတို့ကို အမြစ်ပြတ်ရှင်းထုတ်ရန် လုပ်ဆောင်နေကြောင်း ပြောဆိုကြသည်ဟုသိရှိရသည်။ ဘာသာရေးနှင့် လူမျိုးရေးတို့၏ အချင်းချင်း နီးကပ်စွာဆက်စပ်နေတတ်သည့်သဘောကြောင့် သက်ဆိုင်ရာ အဖြစ်အပျက်တို့နှင့်ပတ်သက်၍ ဘာသာရေး အကြောင်းအရာ တစ်ခုတည်းတွင်သာ လုံးလုံးမူတည်နေသည်ဟုဆိုရန်မှာ တစ်ခါတရံ၌ ခက်ခဲတတ်ပါသည်။

၂၀၁၁ ခုနှစ်ကတည်းကစ၍ ရွာပေါင်း ၄၀၀၊ ဘုရားရှိခိုးကျောင်း ၃၀၀ နှင့် စာသင်ကျောင်း ၁၀၀ ခန့် စစ်တပ်က ဖျက်ဆီးခဲ့ကြောင်း သို့မဟုတ် ပျက်စီးဆုံးရှုံးစေခဲ့ကြောင်း ကေအိုင်အို၏ ပြောဆိုမှုအရသိရှိရသည်။ ကုလသမဂ္ဂ၏အဆိုအရ ကချင်ပြည်နယ်၌ ထွက်ပြေးတိမ်းရှောင်နေရသူ ၁၀၀,၀၀၀ ခန့်ရှိနေသည်ဟုသိရှိရသည်။ အစိုးရနှင့် မျိုးချစ်ဗုဒ္ဓဘာသာဘုန်းကြီးများက ၎င်းတို့၏ ဩဇာအာဏာနှင့် အရင်းအမြစ်များကိုအသုံးပြု၍ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်အပါအဝင် ခရစ်ယာန်အများစုနေထိုင်သည့် ဒေသများ၌ ဒေသခံပြည်သူများက အလိုမတူဘဲ ဗုဒ္ဓဘာသာအခြေခံအဆောက်အဦများ တည်ဆောက်

ရန် ကြိုးစားနေကြကြောင်း အန်ဂျီအိုများက ဖော်ပြကြသည်။ ဘာသာရေးအရ လူနည်းစုဖြစ်သူများ၏အဆိုအရ ထိုသို့ကြိုးပမ်းလုပ်ဆောင်နေမှုများကို "ဗမာလူမျိုးကြီးဝါဒသွတ်သွင်းခြင်း" ၏ တစ်စိတ်တစ်ပိုင်းအဖြစ် ၎င်းတို့အနေဖြင့် ယူဆကြကြောင်း သိရှိရသည်။

စီအိပ်ချ်အာအို၏ စက်တင်ဘာလ အစီရင်ခံချက်၌ "အာဏာပိုင်များသည် မြန်မာနိုင်ငံရှိ ဘာသာရေးအရ လူနည်းစုဖြစ်သူများအပေါ် ခွဲခြားဆက်ဆံသည့်မူဝါဒများကို ပြောင်ပြောင်တင်းတင်းပင် ဆက်လက်ကျင့်သုံးနေကြ" ကြောင်းဖော်ပြထားသည်။ ယင်းအစီရင်ခံစာတွင် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ခရစ်ယာန်ဘာသာဝင်များသည် အိမ်များနှင့် ဝတ်ပြုရာနေရာများ ဖျက်ဆီးခံရခြင်း၊ ကာယကံမြောက်အကြမ်းဖက်မှုများခံစားရခြင်း၊ တရားဝင်မြေယာများပိုင်ဆိုင်ခွင့်မရှိအောင် တားမြစ်ခံနေရခြင်း၊ ဘာသာရေးအဆောက်အအုံများ တည်ဆောက်ခွင့်မရအောင် တားမြစ်ပိတ်ပင်ခံနေရခြင်းတို့ ကြုံတွေ့နေရသည်ဟု ဖော်ပြပါရှိသည်။ ထို့ပြင် အဆိုပါ စီအိပ်ချ်အာအိုအစီရင်ခံစာတွင် ရဲများသည် လက်သည်တရားခံများကို စုံစမ်းဖော်ထုတ်ရန် သို့မဟုတ် တာဝန်ယူဖြေရှင်းခိုင်းရန် ပျက်ကွက်ခဲ့သည့်ဖြစ်ရပ်များလည်း ရှိနေကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂနှင့် မီဒီယာတို့၏အစီရင်ခံချက်များအရ အစိုးရနှင့်လုံခြုံရေးတပ်ဖွဲ့များသည် တိုင်းရင်းသားများနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ အထူးသဖြင့် ရိုဟင်ဂျာတို့အပေါ် သွားလာခွင့်ကန့်သတ်မှုများ ဆက်လက်ပြုလုပ်နေကြကြောင်း သိရှိရသည်။ အစိုးရအနေဖြင့် နိုင်ငံခြားသားများဟုယူဆသည့်ပုဂ္ဂိုလ်တို့အပေါ် ခရီးသွားလာခွင့် ကန့်သတ်မှုများပြုလုပ်သည့် အခါ ထိုပုဂ္ဂိုလ်များတွင် မွတ်ဆလင်နှင့် ဟိန္ဒူဘာသာဝင်ရိုဟင်ဂျာတို့သာမက ရခိုင်ပြည်နယ်တွင်နေထိုင်ကြသည့် အခြားဟိန္ဒူ ဘာသာဝင်များနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မြို့နယ်များတွင် နေထိုင်ကြသူများပါဝင်ပြီး နေထိုင်ရာမြို့နယ်အပေါ်မူတည်၍ ကွာခြားမှုများရှိကြောင်းနှင့် အများအားဖြင့် လူဝင်မှုကြီးကြပ်ရေးပုံစံ စာရွက်ကိုတင်ပြရန် တောင်းဆိုကြကြောင်းသိရှိရသည်။ ခရီးသွားမည့်သူသည် မူလမြို့နယ်၏ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဦးစီးဌာနမှသာ ယင်းပုံစံစာရွက်ကိုရယူနိုင်ပြီး ထိုသို့ရယူရာ၌ ယင်းပုဂ္ဂိုလ်၏ အိမ်ထောင်စုစာရင်းမူရင်း၊ ယာယီမှတ်ပုံတင်ကဒ်၊ အာမခံပေးသူနှစ်ဦးထံမှ ထောက်ခံစာနှစ်စောင် တို့ကိုပါ တစ်ပါတည်းတင်ပြကြရသည်။ ယင်းပုံစံစာရွက်သည် ခရီးသွားလာခွင့်ကို ရက်သတ္တပတ်နှစ်ပတ်မှ လေးပတ်အထိ ခွင့်ပြုပေးနိုင်သော်လည်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၏အဆိုအရ ဆေးဘက်ဆိုင်ရာ အရေးပေါ်အခြေအနေမျိုး အတွက်သာ ထုတ်ပေးလေ့ရှိကြောင်းသိရှိရသည်။ နိုင်ငံတစ်ဝန်းလုံးရှိ မွတ်ဆလင်များအနေဖြင့် ရခိုင်ပြည်နယ်သို့ ဝင်ခွင့်ထွက်ခွင့် နှင့်ပတ်သက်၍ ကန့်သတ်ချုပ်ချယ်မှုများကြုံတွေ့နေရဆဲဖြစ်ပြီး အကယ်၍ ရခိုင်ပြည်နယ်သို့ သွားရောက်မည်ဆိုပါက အာဏာပိုင်များက ထိုနေရာမှ ပြန်လည်ထွက်ခွာခွင့် မပြုတော့မည်ကို စိုးရိမ်နေကြကြောင်း သိရှိရသည်။

အန်ဂျီအိုများ၏အဆိုအရ ထိုကဲ့သို့ကန့်သတ်ချုပ်ချယ်မှုများကြောင့် ရိုဟင်ဂျာတို့အဖို့ အသက်ရှင်ရပ်တည်ရန်၊ ပညာရေး၊ ဈေး၊ ဆေးရုံနှင့် အခြားဝန်ဆောင်မှုလုပ်ငန်းများသို့ သွားရောက်ရန်နှင့် အခြားရပ်ရွာများသို့ သွားရောက်ရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်းသိရှိရသည်။ အခြားသတင်းအရင်းအမြစ်များအရ မည်သည့်ဘာသာဝင်ဖြစ်နေစေကာမူ မွတ်ဆလင်ရုပ်ပေါက် နေသောကြောင့် လုံခြုံရေးအဖွဲ့များ၏ ပုံစံသွင်းခံနေရသည့် လူပုဂ္ဂိုလ်များအနေဖြင့်လည်း ဒေသတွင်း ခရီးသွားလာရာတွင် လုံခြုံရေးအရ ထပ်မံစိစစ်မှုများကို ကြုံတွေ့နေရပြီး ခရီးသွားခွင့်ရယူရတွင် ခြိမ်းခြောက်ငွေညှစ်ခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းများ ရှိနေကြောင်း သိရှိရသည်။

ဘာသာရေးအဖွဲ့အစည်းအသီးသီးနှင့် အန်ဂျီအိုတို့၏အဆိုအရ ဘာသာရေးနှင့်နွယ်သည်ဖြစ်စေ မနွယ်သည်ဖြစ်စေ အန်ဂျီအိုအဖွဲ့အစည်းတစ်ခုကို မှတ်ပုံတင်ရသည့်လုပ်ငန်းစဉ်သည် ဒေသန္တရအစိုးရ၏ ဗျူရိုကရေစီစနစ် အားနည်းချက်များကြောင့် ရှည်လျားထွေပြားနေသလို၊ တစ်ခါတစ်ရံ၌ မပြီးပြတ်နိုင်ဘဲရှိနေရကြောင်း သိရှိရသည်။ ထိုသို့မှတ်ပုံတင်ထားမှုမရှိခြင်းက ဘာသာရေးအရ လှုပ်ရှားဆောင်ရွက်မှုများပြုလုပ်ရာတွင် အဖွဲ့အစည်းများ သို့မဟုတ် ပါဝင်ဆောင်ရွက်နေကြသည့် လူ

ပုဂ္ဂိုလ်များ၏ အရည်အသွေးကို အဟန့်အတားမဖြစ်စေဟု အဖွဲ့အစည်းများက ယူဆထားကြသည်။ သို့သော် ထိုသို့တရားဝင်မှတ်ပုံတင် ထားမှုမရှိခြင်းကြောင့် စော်ကားနှောက်ယှက်မှုများကြုံလာသည့်အခါ အကူအညီမဲ့စေနိုင်သလို အစိုးရ၏ပိတ်သိမ်းခြင်းမျိုးလည်း ခံရနိုင်ကြောင်း ပြောဆိုကြသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏အဆိုအရ စစ်တပ်သည် ရှေးဟောင်းမြောက်ဦးမြို့ ဘုရားပုထိုးများ တည်ရှိရာနေရာ၌ တပ်စွဲထားပြီး ဒေသတွင်း၌ "အဆင်အခြင်မဲ့" ပစ်ခတ်နေမှုများရှိကြောင်း သိရှိရသည်။ ဂြိုလ်တုမှရရှိသည့် သတင်းဓာတ်ပုံများအရ ဘုရားပုထိုးများအနီးတွင် အမြှောက်တပ်များရှိနေကြောင်းနှင့် ဘုရားပုထိုးများ ထိခိုက်ပျက်စီးမှုများရှိကြောင်း အခိုင်အမာသိရှိရသည်။ စစ်တွေယဉ်ကျေးမှုဦးစီးဌာန ညွှန်ကြားရေးမှူးဖြစ်သူ၏အဆိုအရ မြောက်ဦးမြို့ဟောင်း အပါအဝင် အဆိုပါလက်နက်ကိုင်ပဋိပက္ခကြောင့် ပျက်စီးသွားရသည့် သမိုင်းဝင်နေရာများကို ဌာနမှတာဝန်ယူ၍ ပြန်လည်ပြုပြင်ခဲ့ရကြောင်း သိရှိရသည်။

ဗုဒ္ဓဘာသာ၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာဝင်တို့အပါအဝင် ဘာသာရေးအဖွဲ့အစည်းများနှင့် အထူးသဖြင့် မွတ်ဆလင်ဘာသာရေးအဖွဲ့အစည်းများအနေဖြင့် ဘာသာရေးအဆောက်အဆုံများတည်ဆောက်ခြင်းနှင့် ပြန်လည်ပြုပြင်ရာတွင် ခွင့်ပြုချက်ရရှိနိုင်ရန် နှစ်နှင့်ချီ၍ ကြာမြင့်နေကြရပြီး အခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်ကြောင်း အစီရင်ခံတင်ပြကြသည်။ ဗုဒ္ဓဘာသာခေါင်းဆောင်များ၏အဆိုအရ ထိုသို့ခွင့်ပြုချက်တောင်းခံရသည့်ကိစ္စသည် ဗုဒ္ဓဘာသာမဟုတ်သူများအတွက် ပိုမို ခက်ခဲတတ်ကြောင်း သိရှိရသည်။ ခွင့်ပြုချက်အမြောက်အများရယူရခြင်း၊ အစိုးရအဖွဲ့အစည်းများအတွင်း မည်သူ့တွင် အာဏာရှိသည်ကို ပြတ်ပြတ်သားသားမသိရခြင်း၊ ခွင့်ပြုချက်များတောင်းခံသည့်အခါ မပြီးဆုံးနိုင်သည့်နှောင့်နှေးကြန့်ကြာမှုများ ရှိနေခြင်းကြောင့် ခွင့်ပြုချက်များမယူဘဲ ဘာသာရေးအဆောက်အအုံများ ဆောက်လုပ်ကြသည့်အခါ နောင်တက်လာမည့်အစိုးရ၏ အရေးယူဆောင်ရွက်မှုကိုခံရမည့် အခြေအနေတွင်ရှိနေပြီး အခြားဘာသာဝင်များ၏ ဖိအားပေးမှုကိုခံကြရကြောင်း ပြောဆိုကြသည်။ အချို့ကမူ ထိုသို့ခွင့်ပြုချက်များရရှိ နိုင်ရန် အာဏာပိုင်များကို တံစိုးလက်ဆောင်များ မဖြစ်မနေပေးကြရကြောင်း ပြောဆိုကြသည်။

ဗလီများလုံးဝမရှိသည့် သို့မဟုတ် နည်းပါးသည့်အရပ်ဒေသများ၌ မူဆလင်ဘာသာဝင်များသည် ဝတ်ပြုဆုတောင်းခြင်းနှင့် တရားဓမ္မသင်ကြားခြင်းကဲ့သို့ အခြားဘာသာရေးအလေ့အထများကို နေအိမ်များတွင်ပြုလုပ်ကြရသည်။ ယဉ်ကျေးမှုနှင့် သာသနာရေးဝန်ကြီးဌာနက အစိုးရကခွင့်ပြုထားသည့် ဘာသာရေးအဆောက်အအုံများ၌ ဗုဒ္ဓဘာသာမဟုတ်သည့် ဘာသာရေး အဆုံးအမသင်ကြားမှုများကို ဆက်လက်ကန့်သတ်နေဆဲဖြစ်ပြီး နေအိမ်များ၌ ဘာသာရေးအရ ဝတ်ပြုဆုတောင်းမှုများနှင့် သင်ကြားပြသမှုများကို တားမြစ်ထားကြောင်းသိရှိရသည်။ ထိုသို့ဘာသာရေးအရသင်ကြားပြသသည့်အခါ အာရဗီဘာသာဖြင့် ရေးသားထားသည့် အစ္စလာမ်ဘာသာရေး စာပေများအပါအဝင် သင်ကြားရေးစာရွက်စာတမ်းများကို မြန်မာဘာသာဖြင့် ပြန်ဆို၍ ဝန်ကြီးဌာနသို့ ကြိုတင်ပေးပို့ တင်ပြခိုင်းခြင်းမျိုး မလုပ်တော့ကြောင်း တင်ပြမှုများလည်းရှိသည်။

၂၀၁၂ ခုနှစ် ဗုဒ္ဓဘာသာ-မွတ်ဆလင် အထိကရုဏ်းဖြစ်ပေါ်ပြီးနောက် အစိုးရကပိတ်ပစ်ခဲ့သည့် နိုင်ငံတစ်ဝန်းလုံးရှိ ဗလီအများစုကို ပြန်လည်ဖွင့်လှစ်ပေးရေး အစိုးရအားတိုက်တွန်းတောင်းဆိုရန် မူဆလင်ဘာသာရေးခေါင်းဆောင်များက စက်တင်ဘာလတွင် ကော်မတီတစ်ရပ်ကိုဖွဲ့ စည်းခဲ့သည်။ ယင်းကော်မတီက နိုင်ငံအနှံ့အပြားရှိ ပိတ်ပစ်ခြင်းခံခဲ့ရသည့် ဗလီပေါင်း ၄၀ ကျော်ခန့်ကို စာရင်းပြုစုခဲ့သည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏စာရင်းအရ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ မောင်းတောမြို့နယ်တွင် ဗလီပေါင်း ၈၀၀ ကျော်၊ ဘူးသီးတောင်မြို့နယ်တွင် ဗလီပေါင်း ၄၀၀ ကျော်နှင့် ရသေ့တောင်မြို့နယ်တွင် ဗလီပေါင်း ၁၀ ခုအထိ ရှိခဲ့ကြောင်း သိရှိရသည်။ ယင်းတို့အနက် မည်မျှသည် ဖျက်ဆီးခံခဲ့ရသည် သို့မဟုတ် ပိတ်ပစ်ခြင်းခံခဲ့ရသည်ကို အတိအကျမသိရပေ။ ထိုနှစ်အတွင်း ဧရာဝတီ၊ မန္တလေး၊ စစ်ကိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ဗလီနှင့် ဘာသာရေး

ကျောင်းပေါင်း ၁၂ ခုအထိ ပိတ်ထားခံရဆဲဖြစ်ကြောင်း မြန်မာ့လူ့အခွင့်အရေးကွန်ယက် (BHRN) ၏အဆိုအရ သိရသည်။ သာကေတမြို့နယ်ရှိ အစ္စလာမ်စာသင်ကျောင်း ရှစ်ခုတွင် ဝတ်ပြုဆုတောင်းမှုကို ၂၀၁၇ ခုနှစ်ကတည်းက တားမြစ်ခဲ့ပြီး ယင်းတို့အနက် နှစ်ကျောင်းကို ပိတ်ပစ်ခဲ့သည်။ ရန်ကုန်နှင့် မန္တလေးတိုင်းဒေသကြီးရှိ ဗလီနှင့်ဘာသာရေးကျောင်း ၃၂ ခုမှာလည်း အပိတ်ခံထားရဆဲဖြစ်သည်။ မန္တလေး တိုင်းဒေသကြီး မိတ္ထီလာ၊ ကရင်ပြည်နယ် ဘားအံနှင့် အခြားဒေသများရှိ ရှေးဟောင်းသမိုင်းဝင်ဗလီများမှာ ပုံမှန်ထိန်းသိမ်း စောင့်ရှောက်မှုမျိုး လုပ်ဆောင်ရန် အာဏာပိုင်တို့က ခွင့်မပြုခဲ့ခြင်းကြောင့် ပျက်စီးယိုယွင်းလျက်ရှိသည်ဟု လူအခွင့်အရေးနှင့် မူဆလင် အရေးဆောင်ရွက်နေသည့် အဖွဲ့များ၏အဆိုအရ သိရှိရသည်။ ၂၀၀၉ ခုနှစ် ဗုဒ္ဓဘာသာ-မွတ်ဆလင် အဓိကရုဏ်း ဖြစ်ပွားခဲ့ပြီးသည့်နောက် ၁၀ နှစ်ကြာသည့်အခါ စက်တင်ဘာလတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်ရှိ ဗလီနှစ်ခုကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

၂၀၁၄ မွတ်ဆလင်ဆန့်ကျင်ရေး အကြမ်းဖက်လှုပ်ရှားမှုများဖြစ်ပေါ်ခဲ့ပြီးနောက် ဗလီများပြန်လည်တည်ဆောက်ရာတွင် မန္တလေးတိုင်းဒေသကြီးရှိ မူဆလင်များမှာ အခက်အခဲများဆက်လက်ကြုံတွေ့နေရပြီး ဒေသန္တရနှင့် တိုင်းဒေသကြီးအာဏာပိုင်များကမူ အနည်းငယ်လမ်းဖွင့်ပေးသည့်အနေဖြင့် လူမြင်သူမြင်မရှိသည့်နေရာမျိုးတွင် ဗလီများကို ပြန်လည်ဖွင့်လှစ်စေခဲ့ကြောင်းသိရှိရသည်။ ၂၀၁၃ မိတ္ထီလာ မွတ်ဆလင်ဆန့်ကျင်ရေး ဆူပူအကြမ်းဖက်မှုဖြစ်ပေါ်ပြီးနောက် အာဏာပိုင်တို့က ဗလီများပိတ်ပစ်ရန် အမိန့်ထုတ်ခဲ့ပြီး ယခုအချိန်အထိ ယင်းဗလီများနှင့် ပဲခူး၊ မန္တလေးရှိဗလီများမှာ ပိတ်ထားခံနေရဆဲဖြစ်သည်။ ဟိန္ဒူဘာသာရေး ခေါင်းဆောင် အချို့ကလည်း ဘာသာရေးနေရာများသို့ ဝင်ထွက်သွားလာခွင့်ကို အာဏာပိုင်တို့က ကန့်သတ်လျက်ရှိကြောင်း တင်ပြကြသည်။

စီအိပ်ချ်အာအိုး၏ စက်တင်ဘာလအစီရင်ခံစာအရ ချင်းပြည်နယ်ရှိ ခရစ်ယာန်အသိုင်းအဝိုင်းသည်လည်း ဘာသာရေးအရ အသုံးပြုရန်ရည်ရွယ်ချက်ဖြင့် မှတ်ပုံတင်ထားသည့်မြေနေရာကို ပိုင်ဆိုင်ခွင့်မရှိသေးကြောင်းသိရှိရသည်။ ၎င်းတို့အနေဖြင့် ကိုယ်ပိုင်အမည် သို့မဟုတ် ပုဂ္ဂလိကအမည်များဖြင့်သာ မြေနေရာကိုမှတ်ပုံတင်ခြင်း၊ ဘာသာရေးအရ ဝတ်ပြုရာနေရာများ တည်ဆောက်ခြင်း တို့ပြုလုပ်နေရကြောင်း ပြောဆိုကြသည်။ ဒေသန္တရအရာရှိများ၏အဆိုအရ ချင်းပြည်နယ်ရှိ အဆင့်မြင့်အစိုးရ အရာရှိများက ရုံးပိုင်းဆိုင်ရာ လာရောက်မှုမျိုးပြုလုပ်ကြသည့်အခါ ဘုရားရှိခိုးကျောင်းလုပ်ငန်းများကို အနှောက်အယှက်ဖြစ်စေ ရန်ရည်ရွယ်၍ တနင်္ဂနွေနေ့မျိုးတွင် လာရောက်တတ်ကြကြောင်း သိရှိရသည်။

ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ ဒေသန္တရအာဏာပိုင်များသည် ခရစ်ယာန်ဘာသာရေးအုပ်စုများနှင့် ဘုရားရှိခိုးကျောင်းများက ၎င်းတို့၏ ဘာသာရေးအသင်းအဖွဲ့အမည်များနှင့် မြေယာများဝယ်ယူရန် လျှောက်ထားသည့်အခါ ကြန့်ကြာမှုများ ဖြစ်ပေါ်နေစေကြောင်း ချင်းပြည်နယ်အခြေစိုက် အန်ဂျီအိုအဖွဲ့တစ်ဖွဲ့ကတင်ပြသည်။ အဆိုပါ သတ်မှတ် ပြဋ္ဌာန်းချက်များကို တိမ်းရှောင်နိုင်ရန်အတွက် ဘာသာရေးအဖွဲ့အစည်းတစ်ခုလုံးကိုယ်စား အဖွဲ့ဝင်တစ်ဦးချင်းအနေနှင့်သာ ၎င်းတို့၏နာမည်ဖြင့် မြေနေရာများဝယ်ယူကြရပြီး ထိုသို့ပြုလုပ်မှုကိုမူ အစိုးရက ခွင့်လွှတ်ပေးထားသည်ဟုသိရှိရသည်။

စီအိပ်ချ်အာအိုး၏အဆိုအရ ချင်းပြည်နယ်မင်းတပ်မြို့ရှိ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက အလုပ်ရုံဆွေးနွေးပွဲများ၊ တွေ့ဆုံပွဲများ၊ လေ့ကျင့်သင်ကြားရေးအခမ်းအနားများကဲသို့ ပြည်တွင်း၊ ပြည်ပမှ အန်ဂျီအိုများပါဝင်သည့် ဘာသာရေးအခမ်းအနားများ၊ ပွဲလမ်းသဘင်များကို စီစဉ်ကျင်းပသူတို့သည် ဟားခါးရှိ ချင်းပြည်နယ်အစိုးရထံမှ နှစ်ပတ်ကြိုတင်၍ ခွင့်ပြုချက်တောင်းခံရမည်ဟု ဇန်နဝါရီလတွင် အမိန့်ထုတ်ပြန်ခဲ့သည်။ ဘာသာရေးအသင်းအဖွဲ့များ၏အဆိုအရ ခရစ်ယာန်နှင့် မူဆလင်ဘာသာရေး အုပ်စုများသည် ဒေသန္တရအာဏာပိုင်များထံမှ ခွင့်ပြုချက်ဖြင့် လမ်းဘေးမှဝတ်ပြုရာနေရာငယ်များ သို့မဟုတ် နေရာကျယ်ကျယ် ဝန်းဝန်းမရှိသည့် မြေနေရာများတွင် ဝတ်ပြုရာနေရာများဆောက်လုပ်၍ အသုံးပြုနေကြရကြောင်း သိရှိရသည်။

အစိုးရဘက်က ကန့်သတ်ချုပ်ခြယ်မှုများ ဆက်လက်တိုးမြင့်လုပ်ဆောင်နေခြင်းကြောင့် ဘာသာရေးနှင့်နွယ်သည်ဖြစ်စေ မနွယ်သည်ဖြစ်စေ ဟိုတယ်များနှင့် အခြားအခမ်းအနားကျင်းပရာနေရာများ၌ လူသိရှင်ကြား ပွဲလမ်းသဘင်များကျင်းပလိုသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ကျင်းပမည့်အခမ်းအနားနှင့် တက်ရောက်မည့်သူများနှင့်ပတ်သက်သည့် အချက်အလက်များကို ကြိုတင်အကြောင်းကြားမှုများ ပြုလုပ်နေရပြီး တစ်ခါတစ်ရံ၌ အခြားနေရာများကို အသုံးပြုခြင်းထက် ကန့်သတ်ချက်များ လျော့နည်းသွားစေလိုသည့်အတွက် ဘုရားရှိခိုးကျောင်းများနှင့် အခြားဘာသာရေးအဆောက်အအုံများကိုသာ ရွေးချယ်အသုံးပြုဖြစ်သွားကြောင်း သတင်းအရင်းအမြစ်များအရသိရှိရသည်။ ဘာသာရေးနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ၎င်းတို့အနေနှင့် ရပ်ကွက်၊ မြို့နယ်နှင့် အခြားဒေသန္တရအာဏာပိုင်များထံမှ ကျင်းပချိန်နီးခါမှကပ်၍ ဖျက်သိမ်းခိုင်းခြင်းမျိုးကို ရှောင်ရှားနိုင်ရန်အတွက် စာဖြင့်ရေးသားထားသည့် ခွင့်ပြုချက်မျိုးကို ပိုမိုလိုလားကြကြောင်း ပြောဆိုကြသည်။

ဗုဒ္ဓဘာသာစာသင်တိုက်များနှင့် ဗုဒ္ဓဘာသာသာ သနာရေးလုပ်ငန်းများတွင် အစိုးရက ငွေကြေးထောက်ပံ့လှူဒါန်းမှုများ ဆက်လက်ပြုလုပ်နေဆဲဖြစ်သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ ဩဝါဒကိုခံယူ၍ ဗုဒ္ဓဘာသာရဟန်းတော်များကို လေ့ကျင့်သင်ကြားပေးနေသည့် ရန်ကုန်နှင့်မန္တလေးရှိ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များနှင့် ရန်ကုန်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်တို့သို့ ရန်ပုံငွေများ ထောက်ပံ့လှူဒါန်းနေဆဲဖြစ်သည်။ ဘာသာရေးအဖွဲ့အစည်းများ၏အဆိုအရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့နှင့် ဘာသာရေးအခမ်းအနားများတွင် ဘဏ္ဍာရေးအရ ထောက်ပံ့လှူဒါန်းမှုများ ပြုလုပ်လေ့ရှိသည်ဟုသိရှိရသည်။

အစိုးရစာသင်ကျောင်းအတော်များများရှိ ဆရာ၊ ဆရာမများသည် ဗုဒ္ဓဘာသာ ဘုရားရှိခိုးစာများကို ကျောင်းသား၊ ကျောင်းသူတို့အား ရွတ်ဆိုခိုင်းနေကြဆဲဖြစ်သည်ဟု သိရှိရသည်။ စာသင်ခန်းအတော်များများတွင် ဗုဒ္ဓဘာသာဘုရားစင်များ သို့မဟုတ် ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်၊ ပုံတော်များ ထားရှိပူဇော်ထားလေ့ရှိကြသည်။ ချင်းပြည်နယ် ပညာရေးသုတေသနကွန်ရက်နှင့် အန်ဂျီအိုအဖွဲ့တစ်ခုဖြစ်သည့် Fortify Rights အဖွဲ့တို့၏အဆိုအရ ချင်းပြည်နယ်ရှိ အစိုးရစာသင်ကျောင်းများထက် ရန်ပုံငွေတောင့်တင်းသည့် "တနလ" ဟုခေါ်သည့် စာသင်ကျောင်းများသို့ တက်ရောက်ခွင့်ရရှိနိုင်ရန် ခရစ်ယာန်ဘာသာဝင် ကျောင်းသားများသည် ဗုဒ္ဓဘာသာသို့ ကူးပြောင်းကြရသည်ဟု သိရှိရသည်။ အဆိုပါ "တနလ" ကျောင်းများသည် "နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးထားသည့် ဘာသာရေးနှင့် ယဉ်ကျေးမှုပြန့်ပွားရေးအစီအစဉ်" တွင် အကျုံးဝင်နေကြောင်း စီအိပ်ချ်အာအိုး၏အဆိုအရ သိရှိရသည်။ ကုလသမဂ္ဂနှင့် အန်ဂျီအိုအစီရင်ခံစာများတွင်လည်း အခြေခံပညာမူလတန်းသင်ရိုးများ၌ "ခွဲခြားဆက်ဆံမှုရှိ၍ ဆူပူအုံကြွမှုကိုလှုံ့ဆော်ပေးနိုင်သည့်" သင်ခန်းစာများနှင့် ပြဋ္ဌာန်းစာများပါဝင်နေကြောင်းဖော်ပြကြသည်။ "လူမျိုးတစ်မျိုး၏ ပြန့်ပွားမှုကို အဟန့်အတားဖြစ်စေနိုင်ခြင်းကြောင့် သွေးနှောသူများကိုငါတို့ရွံ့ရှာစက်ဆုပ်ကြသည်" ဟူသည့် စာကြောင်းတစ်ကြောင်း ပါဝင်သည့် သင်ခန်းစာတစ်ခုကို ကုလသမဂ္ဂအထူးကိုယ်စားလှယ်ဖြစ်သူက ၎င်း၏မတ်လအစီရင်ခံစာတွင်ဖော်ပြခဲ့သည်။ အရပ်ဘက်လူ့အဖွဲ့အစည်း ၁၀၀ ကျော်တို့ အဆိုပါသင်ခန်းစာကို ဝိုင်းဝန်းကန့်ကွက်ကြပြီးနောက် ပညာရေးဝန်ကြီးဌာနက ယင်းသင်ခန်းစာကို ဖြုတ်ပစ်ရန် အမိန့်ထုတ်ပြန်ခဲ့ရသည်ဟု ရောဝတီသတင်းဂျာနယ်၏ အစီခံစာတွင် ဖော်ပြပါ ရှိသည်။

ခရစ်ယာန်အယူဝါဒရေးရာ စာသင်ကျောင်းများနှင့် သမ္မာကျမ်းစာကျောင်းများ၊ မွတ်ဆလင် မာဒရာဆာကျောင်းအမြောက်အများသည် ရန်ကုန်၊ စစ်ကိုင်းနှင့် အခြားဒေသများတွင် ဆက်လက်ဖွင့်လှစ် ဆောင်ရွက်နေဆဲဖြစ်သည်။

သွားလာမှုများ ကန့်သတ်ခံထားရခြင်းကြောင့် ရိုဟင်ဂျာအများစုသည် နိုင်ငံတော်ပိုင် အစိုးရစာသင်ကျောင်းများသို့ တက်ရောက်ခွင့်မရနိုင်ကြပေ။ ရခိုင်ပြည်နယ်အလယ်ပိုင်းရှိ ရိုဟင်ဂျာနှင့် ကမန်ကလေးငယ်များသည် စစ်တွေမြို့နယ်၊ သက်ကယ်ပြင်ကျေးရွာရှိ အထက်တန်းကျောင်းတစ်ခုကိုသာ တက်ရောက်ခွင့်ရကြသည်ဟု နိုင်ငံတကာလေ့လာစောင့်ကြည့်

သူများ၏ အဆိုအရသိရှိရသည်။ အာဏာပိုင်များသည် ရခိုင်ပြည်နယ်မှ အထက်တန်းပညာရေးပြီးဆုံးသွားသည့် ရိုဟင်ဂျာများနှင့် ပြည်တွင်းရှိ စစ်ဘေးရှောင်စခန်းများမှ အထက်တန်းပညာရေးပြီးဆုံးသွားသူများအား ရခိုင်ပြည်နယ်ပြင်ပရှိ ကောလိပ်နှင့် တက္ကသိုလ်များသို့ တက်ရောက်ခွင့်ကို အများအားဖြင့်ခွင့်မပြုကြကြောင်းသိရှိရသည်။ နိုင်ငံသားမှတ်ပုံတင်ကဒ် ရှိမထားသည့် မည်သည့် တက္ကသိုလ်ကျောင်းသားကိုမဆို ဘွဲ့ယူခွင့်မရအောင် အာဏာပိုင်တို့က ဆက်လက်တားမြစ်ပိတ်ပင်ထားဆဲဖြစ်ပြီး ဘာသာရေး လူနည်းစုများထဲမှ ကျောင်းသားတို့အဖို့ မမျှတမတဖြစ်နေကြောင်း သိရှိရသည်။ ယင်းကျောင်းသားများအနေဖြင့် နိုင်ငံသားကဒ်ရှိမထားပါက အတန်းများတက်ခြင်း၊ စာမေးပွဲများဝင်ရောက်ဖြေဆိုခြင်းတို့ ပြုလုပ်နိုင်သော်လည်း ဒီပလိုမာဘွဲ့များကို ရယူနိုင်ခြင်းမရှိကြပေ။ အချို့သော ဘာသာရေး လူနည်းစုများအနေဖြင့် ယင်းသို့ နိုင်ငံသားကဒ်ကို လျှောက်ထားသည့်အခါ "နိုင်ငံခြား" တိုင်းရင်းသားလူနည်းစုအနေဖြင့်သာ သတ်မှတ်ခြင်းခံရကြောင်း သိရှိရသည်။

မွတ်ဆလင်ကျောင်းသားများအတွက် နိုင်ငံသားမှတ်ပုံတင်လျှောက်ထားခွင့်ကို ပယ်ချနေချိန်၌ တစ်ခါတရံတွင် မွတ်ဆလင် မဟုတ်သည့် ကျောင်းသားများကိုယ်စား စာသင်ကျောင်းများက ထိုသို့လျှောက်ထားမှုကို ပြုလုပ်ပေးကြကြောင်း လူ့အခွင့်အရေး အဖွဲ့အစည်းများက အစီရင်ခံကြသည်။ မွတ်ဆလင်ကျောင်းသားများအနေဖြင့် ထိုသို့လျှောက်ထားပြီးသည့်အခါ လိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများရရှိနိုင်ရန် လူဝင်မှုကြီးကြပ်ရေးအရာရှိများကို လာဘ်ပေးကြရကြောင်း သိရှိရသည်။ BHRN ၏ အဆိုအရ တက္ကသိုလ်စာသင်ခန်းများ၌ပင် နည်းပြဆရာများသည် မွတ်ဆလင်ဆန့်ကျင်သည့် သဘောထားမှတ်ချက်များ ပြောဆိုကြကြောင်းနှင့် မွတ်ဆလင်ကျောင်းသားများအား အသက်မွေးဝမ်းကျောင်း တက္ကသိုလ်များသို့ တက်ရောက်ခွင့်မပြုကြကြောင်း သိရှိရသည်။ လူမျိုးရေးခွဲခြားမှုနှင့် မွတ်ဆလင်ဆန့်ကျင်ရေးအယူအဆများမှာ နိုင်ငံတစ်ဝန်းလုံးရှိ စာသင်ကျောင်းများတွင် ပျံ့နှံ့နေကြောင်းကို လူ့အခွင့်အရေးအဖွဲ့တစ်ခုက မှတ်တမ်းတင်ထားခဲ့သည်။

ကုလသမဂ္ဂ၏အဆိုအရ အစိုးရသည် ရိုဟင်ဂျာနှင့် အခြားမွတ်ဆလင်များအား သောကြာနေ့ သို့မဟုတ် ဘာသာရေးပွဲတော် ကာလများတွင် စုပေါင်းဝတ်ပြုရွတ်ဆိုခြင်းကို ဆက်လက်တားမြစ်ထားဆဲဖြစ်ကြောင်း သိရှိရသည်။ ရိုဟင်ဂျာ ဒုက္ခသည်များသည် အိဒ်ပွဲ သို့မဟုတ် အခြားဘာသာရေးအားလပ်ရက်များကို လွန်ခဲ့သည့် ခြောက်နှစ်တာ ကာလအတွင်း ကျင်းပနိုင်ခဲ့ခြင်း မရှိကြောင်း တင်ပြကြသည်။

ရန်ကုန်မြို့အာဏာပိုင်များသည် ရမဒန်ကာလအတွင်း ဗလီများကို ဖွင့်ခွင့်မပြုခဲ့ကြောင်း မီဒီယာများ၏ အစီရင်ခံတင်ပြချက်များအရ သိရှိရသည်။ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်ရှိ ရမဒန်ဥပုသ်ကာလ ယာယီဝတ်ပြုဆောင် သုံးနေရာကို ဒေသန္တရ အာဏာပိုင်များက မေလတွင် ဖွင့်ခွင့်ပြုခဲ့သော်လည်း မိုက်ကယ်ကျော်မြင့်နှင့် သီဟမျိုးနိုင်တို့ဦးဆောင်၍ ဗုဒ္ဓဘာသာဘုန်းကြီးများပါဝင်သည့် တုတ်၊ ဓါးလက်နက်တို့ ကိုင်ဆောင်ထားသော အဖွဲ့သည် ယင်းနေရာသို့ လာရောက်ခဲ့ကြပြီး ဖြိုဖျက်ပစ်ရန် ခြိမ်းခြောက်ပြောဆိုခဲ့ကြသည်။ လူအုပ်ကြီးက ခြိမ်းခြောက်ပြောဆိုမှုကြောင့် မြို့နယ်အစိုးရအဖွဲ့က ဝတ်ပြုဆုတောင်းမှုကို ဖျက်သိမ်းပစ်ခဲ့ပြီး နောက်ထပ်ဌာနဆိုင်ရာတို့မှ ခွင့်ပြုချက်များ ထပ်မံရယူရမည်ဟု မွတ်ဆလင်တို့ကို သတ်မှတ်ပေးခဲ့သည်။ နောက်တစ်နေ့တွင် ပြင်ဦးလွင်မြို့မှ ရန်ကုန်မြို့သို့ အလည်အပတ်ရောက်ရှိလာသည့် ဦးစိန်ဆွေတအမည်ရှိ ဘာသာရေးအရ သဘောထားကြီးမှုကို ထောက်ခံသည့် ဗုဒ္ဓဘာသာရဟန်းတစ်ပါးက ဝတ်ပြုဆုတောင်းရာမှ ထွက်လာသည့် မူဆလင်များအား နှင်းဆီဖြူများကမ်းပေးခဲ့ပြီးနောက် ယင်းလှုပ်ရှားမှုသည် တစ်မဟုတ်ချင်း တစ်နိုင်ငံလုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ထိုသို့ ပြည်သူအများဘက်က ဖိအားပေးမှုများ မြင့်တက်လာသည့်အခါ မြို့နယ်အစိုးရက ဝတ်ပြုရာနေရာများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ မြန်မာနိုင်ငံအစ္စလာမ်သာသနာရေးကောင်စီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဦးဝဏ္ဏရွှေက အဆိုပါနှင်းဆီဖြူလှုပ်ရှားမှုသည် မူဆလင်ဆန့်ကျင်ရေးထွန်းကားနေသည့် အခြေအနေတို့အလယ်မှ ထွက်ပေါ်လာသည့် မျှော်လင့်ချက်ရောင်ခြည်

ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ စက်တင်ဘာလတွင် မိုက်ကယ်ကျော်မြင့်နှင့် သီဟမျိုးနိုင်တို့အား ပြစ်မှုဆိုင်ရာဥပဒေအရ အများပြည်သူတို့ကို "အထိတ်တလန့်ဖြစ်စေမှု" ဖြင့် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

အစိုးရအာဏာပိုင်များသည် ယမန်နှစ်များကအတိုင်း အိဒ်ကာလအတွင်း နွားသတ်ခွင့်ကို အကန့်အသတ်ဖြင့်သာ ခွင့်ပြုသည်ဟု မွတ်ဆလင်များ၏အဆိုအရသိရှိရသည်။ မီဒီယာနှင့် ဘာသာရေးအရင်းအမြစ်များ၏အဆိုအရ အချို့ရွာများတွင် သားသတ်ရုံမှ သားသတ်လိုင်စင်ကို ဒေသန္တရအာဏာပိုင်များက ကန့်သတ်ထားပြီး ယင်းသားသတ်ရုံအများစုကို မွတ်ဆလင်များက ပိုင်ဆိုင်ထားကြသည်ဟု သိရှိရသည်။ ထိုကဲ့သို့ ကန့်သတ်ချက်များသည် စီးပွားရေးလည်ပတ်မှုကို အနှောင့်အယှက်ဖြစ်စေပြီး အစ္စလာမ်ဘာသာရေး အားလပ်ရက်များတွင် ပျော်ပွဲရွှင်ပွဲကျင်းပပြုလုပ်နိုင်စွမ်းကို ထိခိုက်မှုရှိစေသည်ဟု သိရှိရသည်။

"အမျိုး ဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေး" အတွက် ၂၀၁၅ ခုနှစ်တွင် အတည်ပြု ပြဋ္ဌာန်းခဲ့သည့် ဥပဒေလေးခုကို အာဏာပိုင်များက အများအားဖြင့် အသုံးချကြခြင်းမရှိကြောင်း အရင်းအမြစ်များက ဖော်ပြကြသည်။

ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူးသည် ဇွန်လတွင် မဘသအဖွဲ့သို့ မြန်မာကျပ်ငွေ သိန်း ၃၀၀ (အမေရိကန်ဒေါ်လာ ၂၀,၃၀၀) ကို လှူဒါန်းခဲ့သည်။ စစ်တပ်မှ ပြောရေးဆိုခွင့်ရှိသူက ထိုကဲ့သို့ လှူဒါန်းခြင်းမျိုးသည် "ဘာသာ သာသနာ အတွက် လိုအပ်ကြောင်း" ပြောဆိုခဲ့သည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပိတ်ပင်ထားသည့် မဘသအဖွဲ့အား ထိုကဲ့သို့ ပြောင်ပြောင်တင်းတင်း လှူဒါန်းမှုအား ရှုံ့ချကြောင်း သဘောထားမှတ်ချက်ပါဝင်သည့် ထုတ်ပြန်ချက်တစ်ခုကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

စစ်တပ်က မဘသအဖွဲ့သို့ ငွေကြေးလှူဒါန်းခြင်းနှင့်ပတ်သက်၍ လူသိရှင်ကြားဝေဖန်ပြောဆိုခဲ့သော အထင်ကရ ဆရာတော်တစ်ပါးဖြစ်သည့် မြဝတီဆရာတော်ကို တပ်မတော်ဂုဏ်သိက္ခာညှိုးနွမ်းစေမှုဖြင့် စစ်တပ်ကတရားစွဲဆိုခဲ့သည်။ မဘသအနေဖြင့် စစ်တပ်ကထောက်ပံ့သည့် ငွေကြေးများကို လက်ခံခြင်းသည် ဘုရားဟောဝိနည်းများကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ စစ်တပ်တွင် "သူခိုး" များဖြင့် ပြည့်နှက်နေပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ကဖျက်ယဖျက်လုပ်နေကြောင်း ပြောဆိုခဲ့ခြင်းဖြစ်သည်။ ထိုအမှုသည် နှစ်ကုန်ပိုင်းအထိဆက်လက်ဖြစ်နေဆဲဖြစ်သည်။

ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်းတောမြို့နယ်၌ ၂၀၀၅ ခုနှစ် ဒေသန္တရအမိန့်သည် ဆက်လက် အသက်ဝင်နေဆဲဖြစ်သည်။ ယင်းအမိန့်အရ ဒေသတွင်းနေထိုင်သူများ အထူးသဖြင့် ရိုဟင်ဂျာများသည် လက်ထက်ထိမ်းမြားရန် ဒေသန္တရအာဏာပိုင်အဖွဲ့၏ ခွင့်ပြုချက်ရယူရန်လိုကြောင်း သတ်မှတ်ထားသည်။ ထို့ပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး မကြာမကြာ အသက်ဝင်မှုရှိနေသည့် ၂၀၀၅ ခုနှစ် အမိန့်ထုတ်ပြန်ချက်အရ ရိုဟင်ဂျာမိသားစုများ ကလေး နှစ်ဦးသာယူရသည့် မူဝါဒနှင့် ပတ်သက်၍ စိုးရိမ်မှုရှိကြောင်း ရိုဟင်ဂျာအရင်းအမြစ်အချို့အရ သိရှိရသည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများ၏ အဆိုအရ ရိုဟင်ဂျာတို့သည် အစိုးရဌာနများတွင် မည်သည့် ရာထူးကိုမှ ရယူနိုင်ခြင်းမရှိသေးကြောင်း သိရှိရသည်။

စစ်တပ်နှင့် အစိုးရဝန်ထမ်း အဆင့်မြင့်ရာထူးကြီးများကို ဗုဒ္ဓဘာသာဝင်များကသာ ဆက်လက်ရယူထားကြဆဲဖြစ်သည်။ အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ရန် သို့မဟုတ် စစ်တပ်တွင်တာဝန်ထမ်းဆောင်ရန် လျှောက်ထားကြသည့် အခါ လျှောက်ထားသူသည် မိမိကိုးကွယ်ရာဘာသာကို ထည့်သွင်းဖော်ပြကြရသည်။ လူ့အခွင့်အရေးအဖွဲ့အစည်းတစ်ခု၏အဆိုအရ အစိုးရအလုပ်များသို့ လျှောက်ထားကြသည့် မွတ်ဆလင်ဘာသာဝင်များကို အများအားဖြင့်ပယ်ချကြကြောင်း သိရှိရသည်။

ဗုဒ္ဓဘာသာဝင်များက လွှတ်တော်အမတ်နေရာ အများစုကိုရယူထားကြဆဲဖြစ်သည်။ မွတ်ဆလင်ဘာသာဝင်အမတ်ဟူ၍ မရှိသေးဘဲ လက်ရှိအာဏာရ အန်အယ်လ်ဒီပါတီနှင့် အဓိကအတိုက်အခံပါတီတို့သည် ၂၀၁၅ ပြည်လုံးကျွတ်

ရွေးကောက်ပွဲနှင့် ၂၀၁၇၊ ၂၀၁၈ ကြားဖြတ်ရွေးကောက်ပွဲများတွင် မွတ်ဆလင်အမတ်လောင်းများကို ပါဝင်ယှဉ်ပြိုင်စေခြင်းမရှိခဲ့ပေ။ ချင်းလူမျိုး ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်သည့် ဦးဟင်နရီဗန်ထီးယူသည် လက်ရှိ ဒုတိယသမ္မတရာထူးကို ရယူထားဆဲဖြစ်ပြီး အမျိုးသားလွှတ်တော်နှင့် ပြည်သူ့ လွှတ်တော်နှစ်ရပ်စလုံးမှ လွှတ်တော်ဥက္ကဋ္ဌနှစ်ဦးစလုံးသည် ခရစ်ယာန်ဘာသာဝင်များဖြစ်သည်။

နိုင်ငံသားများနှင့် အမြဲတမ်းနေထိုင်သူများသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများရယူရန်နှင့်နိုင်ငံသားဖြစ်ကြောင်းသက်သေပြရန်အတွက် အစိုးရကထုတ်ပေးထားသည့် မှတ်ပုံတင်ကတ်များကို ယူဆောင်သွားကြရန်လိုအပ်ကြောင်း အာဏာပိုင်များက သတ်မှတ်ပြဋ္ဌာန်းထားသည်။ ပုံမှန်အားဖြင့် အဆိုပါ မှတ်ပုံတင်ကတ်များတွင် ဘာသာနှင့်လူမျိုးကို ဖော်ပြထားသည်။ ထို့ပြင် နိုင်ငံသားများအနေဖြင့် နိုင်ငံကူးလက်မှတ်ကဲ့သို့ စာရွက်စာတမ်းများ လျှောက်ထားသည့်အခါ တရားဝင်လျှောက်လွှာများတွင် ၎င်းတို့ ကိုးကွယ်ရာ ဘာသာကို ဖော်ပြပေးရမည်ဟု အစိုးရကပြဋ္ဌာန်းထားသည်။ သို့သော် နိုင်ငံကူးလက်မှတ်တွင်မူ ကိုင်ဆောင်သူ၏ ဘာသာတရားကို ဖော်ပြထားခြင်းမရှိပါ။ ဘာသာရေးလူနည်းစုများ အထူးသဖြင့် မွတ်ဆလင်များသည် မှတ်ပုံတင်နှင့် နိုင်ငံသားကတ်များ ရယူသည့်အခါ အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရသည်။ အချို့မွတ်ဆလင်များအနေဖြင့် နိုင်ငံသားကတ် လျှောက်ထားသည့်အခါ မိမိကိုယ်ကို မွတ်ဆလင်အဖြစ် ဖော်ပြလိုက်ပါက "လူမျိုးခြား" အဖြစ် သတ်မှတ်ပေးရကြောင်း ပြောဆိုကြသည်။

မြန်မာနိုင်ငံမှ တရားဝင်အသိအမှတ်ပြုထားသည့် တိုင်းရင်းသားလူမျိုးစုထဲတွင် မပါဝင်သော မွတ်ဆလင်နှင့် အခြားရွှေ့ပြောင်းလုပ်သားများအနေဖြင့် လိုအပ်သည့် တရားဝင်အထောက်အထားများရရှိအောင် လုပ်ဆောင်ရာတွင် အဟန့်အတားများရှိနေပြီး စိစစ်အတည်ပြုရေးကိစ္စများ ဆောင်ရွက်ရာ တွင်လည်း အခက်အခဲများ ဆက်လက်ကြုံတွေ့နေရကြောင်း ထိုင်းနိုင်ငံမှ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်းက မေလတွင် ပြောကြားခဲ့သည်။ မှတ်ပုံတင်သက်သေခံ အထောက်အထားစာရွက် (CI) ဟု ခေါ်သည့် နိုင်ငံသားစိစစ်အတည်ပြုမှုအတွက် မြန်မာ့လူ့ဝင်မှုကြီးကြပ်ရေးအရာရှိများထံ လာရောက်လျှောက်ထား ကြရသည့် ထိုင်းနိုင်ငံမှ မွတ်ဆလင် ရွှေ့ပြောင်းလုပ်သားများနှင့်ပတ်သက်သည့် ဖြစ်ရပ်လေ့လာမှုတစ်ခုကို BHRN က ထုတ်ပြန်ခဲ့သည်။ ထိုလေ့လာမှုတွင် ပါဝင်ခဲ့သူများ၏အဆိုအရ ၎င်းတို့အနေဖြင့် မွတ်ဆလင်မဟုတ်သူများထက် စာရွက်စာတမ်း အထောက်အထားများ ပြကြရကြောင်း၊ တစ်ခါတရံတွင် အာဏာပိုင်များက "ငါတို့က မွတ်ဆလင်တွေကို စီအိုင် (CI) တွေ ထုတ်ပေးမှာမဟုတ်ဘူး" ဟု ပြောဆိုကြကြောင်း တင်ပြကြသည်။ BHRN ၏လေ့လာချက်အရ လက်ခံဆောင်ရွက်ပေးခြင်းခံရသည့် မူဆလင်များထက် ငြင်းပယ်ခံရသည့် မွတ်ဆလင်များက နှစ်ဆပိုများကြောင်းသိရှိရပြီး ထိုကိစ္စသည်နှစ်ကုန်သည်အထိ ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ကြောင်း သတင်းအထောက်အထားများအရ သိရှိရသည်။

အစိုးရ၏ နိုင်ငံသားစိစစ်အတည်ပြုရေး လုပ်ဆောင်ချက်တွင် ပါဝင်ကြရန်နှင့် (NVCs) ဟုခေါ်သည့် နိုင်ငံသားစိစစ်ရေး ကတ်များကိုလည်း လာရောက်လျှောက်ထားကြရန် အစိုးရက ရိုဟင်ဂျာတို့ကို တိုက်တွန်းပြောဆိုလျက်ရှိသည်။ ယင်းကတ်များသည် ၁၉၈၂ နိုင်ငံသားဖြစ်မှုဥပဒေအရ နိုင်ငံသားအဖြစ်လျှောက်ထားရာတွင် လိုအပ်ကြောင်း အစိုးရ၏ ပြောကြားမှုအရ သိရှိရသည်။ ရိုဟင်ဂျာတို့အနေဖြင့် ယင်းကတ်များကို လက်ခံကြရန် ဖိအားပေး၊ အကြပ်ကိုင်မှုများ ခံနေရကြောင်း အန်ဂျီအိုများက အစီရင်ခံတင်ပြကြသည်။ အစိုးရအရာရှိများက ရိုဟင်ဂျာများ ငါးဖမ်းထွက်သည့်အခါ သို့မဟုတ် ဘဏ်ဝန်ဆောင်မှုများ ရယူလို သည့်အခါ အဆိုပါ NVC ကတ်ပါရှိရမည်ဟု သတ်မှတ်ထားကြောင်း အစီရင်ခံစာများအရ သိရှိရသည်။ ရိုဟင်ဂျာအတော်များများကမူ ယင်းလုပ်ဆောင်ချက်ကို အယုံအကြည်မရှိကြဘဲ ၎င်းတို့အနေဖြင့် နိုင်ငံသားများဖြစ်နှင့်နေပြီးဖြစ်သောကြောင့် ၎င်းတို့၏ နိုင်ငံသားဖြစ်မှုကို အစိုးရကအတည်မပြုပေးမည်ကိုလည်းကောင်း သို့မဟုတ် အပြည့်အဝနိုင်ငံသားဖြစ်မှုထက် အခွင့်အရေးများ ပိုနည်းသွားနိုင်သည့် နိုင်ငံသားအဖြစ် ခံယူခိုင်းခြင်းမျိုးပြုလုပ်မည်ကိုလည်းကောင်း စိုးရိမ်နေကြ

ကြောင်း ပြောဆိုကြသည်။ ရခိုင်ပြည်နယ်ရှိ အချို့မြို့နယ်များ၌ NVC ကတ်များ လျှောက်ထားရာတွင် ရိုဟင်ဂျာတို့အား ၎င်းတို့၏နိုင်ငံသားစိစစ်ရေးကဒ်ပေါ်တွင် လူမျိုးအနေရာ၌ "ဘင်္ဂလီ" အနေဖြင့်သာ ဆက်လက်သတ်မှတ်နေကြောင်း သိရှိရသည်။ အန်ဂျီအိုအဖွဲ့အစည်းတစ်ခု၏အဆိုအရ အဆိုပါ NVC ကတ်များသည် ရိုဟင်ဂျာတို့အား လူမျိုးခြားအဖြစ်သတ်မှတ်ဖော်ပြလိုက်ခြင်းဖြင့် ၎င်းတို့၏နိုင်ငံသားဖြစ်မှုနှင့် အနာဂတ် အခွင့်အရေးများကို တန်ဖိုးယုတ်လျော့စေရန် ရည်ရွယ်သည့် နည်းလမ်းတစ်ခုဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ လုပ်ဆောင်ချက်ဖြင့် နိုင်ငံသားဖြစ်မှုကို လက်ခံလိုက်သည့် ရိုဟင်ဂျာအနည်းစုက ၎င်းတို့အနေဖြင့် အခွင့်အရေး သို့မဟုတ် အကျိုး ကျေးဇူးများ သိသိသာသာ ရရှိခံစားရခြင်းမရှိကြောင်း၊ ထိုသို့ နိုင်ငံသားဖြစ်မှု လျှောက်ထားရသည့်ကိစ္စတွင် အစိုးရအရာရှိအဆင့်ဆင့်ကို လာဘ်ငွေ အမြောက်အများပေးကြရကြောင်း ပြောဆိုကြသည်။

နိုင်ငံပိုင်မီဒီယာများကမူ စစ်ဘက်အရာရှိများ၊ အစိုးရအရာရှိများနှင့် ၎င်းတို့မိသားစုဝင်များ၏ ဗုဒ္ဓဘာသာရဟန်းတော်များကို ရှိခိုးပူဇော်နေကြသည့်ပုံများ၊ ဘုရားကျောင်းကန်များ၌ အလှူအတန်းပြုလုပ်နေပုံများ၊ ဘုရားတည်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းကဲ့သို့ အခမ်းအနားများကို ကြီးမှူးကျင်းပနေပုံများ၊ နိုင်ငံတစ်ဝန်းလုံးရှိ ဗုဒ္ဓဘာသာ ဘုရား ပုထိုးစေတီများကို တည်ဆောက်ရန် သို့မဟုတ် ပြုပြင်မွမ်းမံနိုင်ရန်အတွက် "ပြည်သူများ ထည့်ဝင်လှူဒါန်းထားသည့်" ငွေကြေး၊ အစားအသောက်နှင့် လုပ်အားဒါနတို့ကို ကမကထပြုဆောင်ရွက်နေပုံများကို မကြာခဏဖော်ပြလေ့ရှိသည်။ ဗုဒ္ဓဘာသာ အဆုံးအမများ ပါဝင်သည့် ဘာသာရေးစာအုပ်များကိုလည်း အစိုးရက ပုံနှိပ်ထုတ်ဝေဖြန့်ချီလျက်ရှိသည်။

မွတ်ဆလင်ဆန့်ကျင်ရေး အမုန်းစကားများမှာ လူမှုမီဒီယာကွန်ယက်တွင် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်သည်။ သြဂုတ်လ ၂၂ ရက်တွင် ဖေ့စ်ဘွတ်အကောင့် ၈၉ ခု၊ ဖေ့စ်ဘွတ်စာမျက်နှာ ၁၀၇ နှင့် အုပ်စု ၁၅ ခုအပြင် အင်စတာဂရမ်အကောင့် ၅ ခုတို့ကို "အစစ်အမှန် မဟုတ်သည့် အပြုအမူမျိုး စုပေါင်းလုပ်ဆောင်မှုတွင် ပါဝင်ပတ်သက်နေသည့်အတွက်" ဖေ့စ်ဘွတ်က ဖယ်ရှားပစ်ခဲ့သည်။ ယင်းအကောင့် စာမျက်နှာတစ်ချို့မှာ စစ်တပ်နှင့်ဆက်နွယ်နေကြောင်း စုံစမ်းစစ်ဆေးမှုတစ်ခုကတွေ့ရှိရသည်။

ရခိုင်ပြည်နယ်အား မွတ်ဆလင်များက ဘာသာရေးအရ ဝါးမြိုသွားမည်ဆိုသည့် ပြောဆိုချက်များအပါအဝင် ရိုဟင်ဂျာနှင့် အခြားမွတ်ဆလင်များနှင့်ပတ်သက်သည့် လုပ်ကြံသတင်းအမှားများ၊ ကောလာဟလများကို အစိုးရအရာရှိများ ကိုယ်တိုင်က ဖြန့်ဝေခြင်း သို့မဟုတ် မီးလောင်ရာလေပင့်ခြင်းမျိုးရှိနေကြောင်း အရင်းအမြစ်များက ဖော်ပြကြသည်။ မီဒီယာများ၏အဆိုအရ မွတ်ဆလင် ဆန့်ကျင်ရေး၊ ရိုဟင်ဂျာဆန့်ကျင်ရေး သဘောထားများကို ဖေ့စ်ဘွတ်အကောင့်တုများနှင့် အခြားလူမှုမီဒီယာများတွင် စစ်တပ်က ရည်ရွယ်ချက်ရှိရှိဖြင့် စုပေါင်းလုပ်ဆောင်နေကြကြောင်း သိရှိရသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သြဂုတ်လနှင့် စက်တင်ဘာလတို့တွင် နေပြည်တော်၊ မန္တလေးနှင့် ရန်ကုန်ရှိ ဗုဒ္ဓဘာသာအပါအဝင် မွတ်ဆလင်၊ ခရစ်ယာန်နှင့် ဟိန္ဒူဘာသာရေး အဆောက်အအုံများသို့ အကြိမ်ကြိမ် လူသိရှင်ကြားသွားရောက်ခဲ့ပြီး ငွေသားနှင့် အစားအသောက်များ လှူဒါန်းခဲ့သည်။ ထိုသို့ သွားရောက်မှုသည် "နိုင်ငံရေး၊ လူမှုရေးနှင့် ဘာသာရေးအရ စည်းလုံးညီညွတ်မှု" ၏ပြယုဂ်ဖြစ်ကြောင်း စစ်တပ်၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ စောင့်ကြည့်အကဲခတ်သူအချို့ကမူ ထိုသို့သွားရောက်မှုများသည် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အနေဖြင့် ၎င်း၏ နိုင်ငံရေး ရည်မှန်းချက်များကို တိုးမြှင့်လုပ်ဆောင်လိုခြင်းဖြစ်နိုင်ကြောင်း ယူဆပြောဆိုကြသည်။

ရင်ကြားစေ့ရေး၊ ငြိမ်းချမ်းရေးတို့ ပိုမိုအားကောင်းလာစေရန်နှင့် နိုင်ငံတော်အဆင့် ပဏာမခြေလှမ်းများ ချမှတ်ဆောင်ရွက်ခြင်းနှင့်၊ ဒေသန္တရအဆင့်တွင် ဘာသာပေါင်းစုံညီညွတ်ရေးလူငယ်ကွန်ရက်၊ ယုံကြည်ရာအမျိုးသမီးများကွန်ရက်ကဲ့သို့ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့များကတဆင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဖြစ်ပေါ်လာစေရန်အတွက် "ငြိမ်းချမ်းရေးအတွက် ဘာသာတရားများ" ကဲ့သို့ အခမ်းအနားများအပါအဝင် ဘာသာပေါင်းစုံညီညွတ်ရေးအသင်းအဖွဲ့များ တက်ရောက်သည့် ညီလာခံများနှင့် ပွဲသဘင် အခမ်းအနားများကို အစိုးရက ကြီးမှူးကျင်းပပေးခြင်း၊ တက်ရောက်ချီးမြှင့်ခြင်းတို့ ပြုလုပ်ပေးခဲ့

သည်။ ယင်း အဖွဲ့အစည်းများ၏ ခေါင်းဆောင်ပိုင်းတွင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာ၊ ခရစ်ယာန်ဘာသာနှင့် ဟိန္ဒူဘာသာရေး ခေါင်းဆောင် များ ပါဝင်ခဲ့ကြသည်။

ငြိမ်းချမ်းရေးအတွက် ဘာသာတရားများအဖွဲ့က မေလတွင် စီစဉ်ကျင်းပခဲ့သည့် ဆွေးနွေးပွဲတစ်ခုသို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံတော်သမ္မတနှင့် အစိုးရအဖွဲ့မှ အခြားအဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြသည်။ ထိုအခမ်းအနားတွင် နိုင်ငံတော်အတွင်းတည်ရှိနေသည့် ကိုးကွယ်ယုံကြည်မှုအသီးသီးကို လေးစားမှု ရှိကြရန် ဒေါ်အောင်ဆန်းစုကြည်က တိုက်တွန်းပြောဆိုခဲ့သည်။

အန်ဂျီအိုတို့၏အဆိုအရ အစိုးရက နိုင်ငံရပ်ခြားမှ ဘာသာရေးအဖွဲ့အစည်းများအား အလားတူ နိုင်ငံရပ်ခြားမှဘာသာရေးနှင့် မနွယ်သည့် အကူအညီပေးရေးအဖွဲ့များ ပြုလုပ်ဆောင်ရွက်နေကျအတိုင်း အများအားဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်ပြုထားကြောင်း သိရှိရသည်။ ပြည်တွင်းရှိ ဘာသာရေးအဖွဲ့အစည်းများသည် ပြည်ပရှိ ဘာသာရေးအဖွဲ့အစည်းများ၏ကိုယ်စားလှယ်များ ပြည်ဝင်ခွင့် ဗီဇာရရှိရန် ရည်ရွယ်ချက်ဖြင့် တရားဝင်ဖိတ်ခေါ်စာများ ပေးပို့နိုင်ပြီး နိုင်ငံရပ်ခြားမှ ဘာသာရေး ဌေးသည်များသည်လည်း ပြည်တွင်းသို့ဝင်ရန် ကမ္ဘာလှည့်ခရီးသွားဗီဇာ သို့မဟုတ် လုပ်ငန်းဗီဇာတို့ကို ရယူကြရသည်။ အာဏာပိုင်များသည် အများအားဖြင့် ရန်ကုန်အခြေစိုက်သည့် အဖွဲ့အစည်းများအား နိုင်ငံတကာမှ ကျောင်းသားများနှင့် ပညာရှင်များကို ဖိတ်ခေါ်ခွင့်ပြုလေ့ရှိကြောင်း သိရှိရသည်။

နိုင်ငံရပ်ခြားအင်အားစုများနှင့် အခြားအဖွဲ့အစည်းများ၏ အလွဲသုံးစားပြုမှုကျင့်ကြံမှုများ

နိုင်ငံအတွင်း လှုပ်ရှားဆောင်ရွက်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များသည် နိုင်ငံအတွက် ခြိမ်းခြောက်မှုတစ်ရပ်အဖြစ်တည်ရှိနေဆဲဖြစ်သည်။ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် တပ်စွဲထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တစ်ခုဖြစ်သော အေအေနှင့်ဆက်နွယ်မှုရှိနေသည်ဟုယူဆရသည့် အကြမ်းဖက်သူများသည် ရခိုင်ပြည်နယ်ရှိ ဧဝံဂလိဘုရားရှိခိုးကျောင်းမှ သင်းအုပ်ဆရာဦးသာထွန်းကို အဓမ္မဖမ်းဆီးခေါ်ဆောင်၍ သတ်ဖြတ်ပစ်ခဲ့သည်ဟု ခရစ်ယာန် မီဒီယာ၏ အဆိုအရ သိရှိရသည်။ ရှမ်းပြည်နယ်ရှိ ဝကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို ထိန်းချုပ်ထားသည့် UWSA အဖွဲ့သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် ၎င်းတို့ကိုယ်တိုင် အတင်းအကြပ်ပိတ်ခိုင်းခဲ့သည့် နှစ်ခြင်းအသင်းတော် ဘုရားကျောင်းများထဲကအချို့ကို ပြန်လည်ဖွင့်လှစ် ပေးခဲ့သည်ဟု ဒေသတွင်းရှိ ခရစ်ယာန်ဘုန်းတော်ကြီးတစ်ပါးက ပြောဆိုခဲ့သည်။ UWSA အဖွဲ့သည် ခရစ်ယာန်ဘာသာရေး ဝတ်ပြုဆုတောင်းမှု၊ သမ္မာကျမ်းစာသင်ကြားမှုတို့နှင့်ပတ်သက်၍ ပြင်းထန်သည့် ကန့်သတ်ချက်များ ဆက်လက်ပြုလုပ်နေပြီး မိမိတို့ဘာသာအတွင်းသို့သွတ်သွင်းရန် ကြိုးစားမှုများလည်းရှိနေကြောင်း ဒေသအတွင်းနှင့် နိုင်ငံအတွင်းရှိ နှစ်ခြင်းအသင်းတော် ခေါင်းဆောင်များ၏ အဆိုအရသိရှိရသည်။ ၁၉၈၈ ခုနှစ်ကတည်းက UWSA ၏ ထိန်းချုပ်မှုအောက်သို့ ရောက်ရှိခဲ့သည့် ဝဒေသတွင် နိုင်ငံတော်အစိုးရ၏ အာဏာမှာ သက်ရောက်မှုမရှိပေ။

အခန်း ၃ - လူအဖွဲ့အစည်း၏ ဘာသာရေးလွတ်လပ်ခွင့်အပေါ် လေးစားမှုအခြေအနေ

ပြည်တွင်း၊ ပြည်ပမှပညာရှင်များ၏ အဆိုအရ နက်နက်စွာ အမြစ်တွယ်နေခဲ့သည့် အာယာတများက လူ့အဖွဲ့အစည်းတွင်းမှ ပါဝင်လှုပ်ရှားဆောင်ရွက်နေသူတို့၏ ဘာသာရေးလူနည်းစုများအပေါ် ခွဲခြားဆက်ဆံရန် သို့မဟုတ် နိုင်ထက်ကလူ ပြုကျင့်ရန် ဦးတည်သွားစေကြောင်း သိရှိရသည်။ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုသည် မြန်မာပြည်အနောက်ပိုင်းတောင်တန်းများမှ ဆင်းသက်ရောက်ရှိလာသည့် အစ္စလာမ်ဘာသာနှင့် ယင်းဘာသာဝင်မွတ်ဆလင်တို့၏ စော်ကားခြိမ်းခြောက်မှုကိုခံနေရပြီး တိုင်းပြည်အတွင်းရှိ ဗုဒ္ဓဘာသာနယ်မြေများကို ဝါးမြိုသွားမည်ဟူသော အယူအဆကို အထင်ကရ စစ်တပ်

ခေါင်းဆောင်များ၊ အရပ်သားများနှင့် ဘာသာရေးခေါင်းဆောင်များက ယူဆပြောဆိုလျက်ရှိသည်။ အဆိုပါမြန်မာပြည် အနောက်ပိုင်းမှ တောင်တန်းဒေသများဆိုသည်မှာ ရိုဟင်ဂျာတို့နေထိုင်ကြသည် ရခိုင်ပြည်နယ်မြောက်ပိုင်းကို ဆိုလိုခြင်း ဖြစ်သည်။

အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများ၏အဆိုအရ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်ပြင်ပရှိ ရွာတစ်ရွာတွင် အစိုးရ၏ခွင့်ပြုချက်ရရှိထားပြီးဖြစ်သော်လည်း ဗုဒ္ဓဘာသာဘုန်းကြီးများ၏ ကန့်ကွက်မှုကြောင့် ခရစ်ယာန် ဘုရား ရှိခိုးကျောင်းတစ်ခုနှင့် ခရစ်ယာန်သင်္ချိုင်းများကို တည်ဆောက်ထားရှိခွင့်မရခဲ့ကြောင်း သိရှိရသည်။ တည်ဆောက်ရေး နှင့် ပတ်သက်၍ အထက်မှ ခွင့်ပြုချက်များရရှိခဲ့ပြီးဖြစ်သော်လည်း ဘုန်းတော်ကြီးများက ဒေသန္တရအရာရှိများအပေါ် သြဇာ သောင်းနေ ကြခြင်းကြောင့် ထိုသို့ကန့်ကွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က မည်သည့်အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မျှ မဘာသအမည် ဖြင့် လုပ်ကိုင်ဆောင်ရွက်ခွင့်မရှိဆိုသည့် ၂၀၁၇ ခုနှစ် အမိန့်ထုတ်ပြန်ချက်ကို ထပ်မံသက်တမ်းတိုးခဲ့သော်လည်း မဘသ၏အချို့သော လက်အောက်ခံအဖွဲ့များမှာ ယင်းအမည်ကို ဆက်လက်သုံးစွဲနေဆဲဖြစ်ပြီး အချို့မှာမူ ဗုဒ္ဓဓမ္မပရဟိတဖောင်ဒေးရှင်းဟူသည့် အမည် သစ်ကိုသုံးစွဲခဲ့ကြသည်။ ယင်းအဖွဲ့အစည်း၏ခေါင်းဆောင်များနှင့် အဖွဲ့ဝင်အတော်များများသည် မူဆလင်များအပေါ် ချိုးနှိမ်ခြင်းနှင့် အမုန်းစကားများကို ၎င်းတို့ဟောကြားသည့် တရားများနှင့် လူမှုမီဒီယာတို့တွင် ဆက်လက် ဟောပြောရေးသားနေကြဆဲဖြစ်သည်။ မတ်လတွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏အဆိုအရ - "(နိုင်ငံ အတွင်း၌) အမုန်းစကားများပြန့်နှံ့နေမှုက စိုးရိမ်စရာ အခြေအနေတွင်ရှိကြောင်း" သိရှိရသည်။ အဖွဲ့အစည်းတစ်ခုလျှင် လူသိ များသည့် ဖေ့စ်ဘွတ်အကောင့်ပေါင်း ဒါဇင်နှင့် ချီ၍ရှိနေပြီး အမုန်းစကားနှင့် ခွဲခြားဆက်ဆံသည့် အကြောင်းအရာများကို ပုံမှန် ရေးတင်နေကြကြောင်း သိရှိရသည်။ ပြည်ထောင်စုကြီးခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမတ်ဟောင်းတစ်ဦးဖြစ်ပြီး ယခင်စစ်တပ် မှ အရာဟောင်းတစ်ဦးလည်းဖြစ်သူ ဘူးလက်လှရှေသည် ၎င်း၏ဟောပြောပွဲတစ်ခုတွင် အကယ်၍ အမေရိကန်သံရုံးသာ တမန် တော်မိုဟာမက်ကို စော်ကားမော်ကား ပြုသည့်ပုံများ တင်နေမည်ဆိုပါက တမန်တော်မိုဟာမက်ကိုယ်တိုင် သံရုံးကိုဗုံးခွဲ လိမ့်မည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။ ထိုကြောင့် အာဏာပိုင်များက နိုင်ငံတော် အကြည်ညိုပျက်စေမှုပုဒ်မဖြင့် သြဂုတ်လတွင် ၎င်းကို ဖမ်းဝရမ်းထုတ်ခဲ့သော်လည်း တစ်နှစ်ကြာသည့်တိုင်အောင် လွတ်မြောက်နေဆဲဖြစ်သည်။

ပြည်တွင်းနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်များ၏အဆိုအရ ရိုဟင်ဂျာမွတ်ဆလင်များအား နိုင်ငံသားဖြစ်တည်မှုကို မဆိုထားနှင့် နိုင်ငံနှင့် လုံးလုံးမသက်ဆိုင်သူများအဖြစ် ရှုမြင်နေကြပြီး ထိတ်လန့်မှု၊ အထင်သေးမှုတို့ဖြင့်သာ အများအားဖြင့် ရှုမြင်နေသည့် ဘာသာတရားတစ်ခုနှင့်သာ သက်ဆိုင်သူများဟု ယူဆနေကြကြောင်းသိရှိရသည်။ ရိုဟင်ဂျာလူထုအတွက် ညှာတာထောက်ထားမှု သို့မဟုတ် ကူညီထောက်ပံ့မှုများပြုလုပ်လိုက်ပါ လူမှုရေးအရ ဝိုင်းဝန်းဖယ်ကြဉ်မှုများလည်းရှိနေ ကြောင်း ဆက်လက်ထွက်ပေါ်လာသည့် အစီရင်ခံစာများအရ သိရှိရသည်။ တစ်ခြားနေရာတွင် သဘောထားကြီးတတ်ကြသည့် လူများထဲ၌ပင် ရိုဟင်ဂျာဆန့်ကျင်ရေး သဘောထားမှာ ပျံ့နှံ့လျက်ရှိသည်ဟု အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှား သူအချို့က ပြောဆိုကြသည်။ ယေဘုယျအားဖြင့် မွတ်ဆလင်ဆန့်ကျင်ရေး အစွဲအလန်းများမှာ ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ် ပြီး အချို့ဒေသများ၌ မွတ်ဆလင်များအား အိမ်ရာများ ငှားရမ်းခြင်းမပြုကြရန် လူမှုရေးအရ ဖိအားပေးမှုများရှိနေကြောင်း အစီ အရင်ခံတင်ပြမှုများလည်း ရှိနေဆဲဖြစ်သည်။

မန္တလေးရှိ အချို့သောဗုဒ္ဓဘာသာနှင့်မွတ်ဆလင်ဘာသာရေးခေါင်းဆောင်များကမူ ကောလာဟလများပပျောက်စေ ရန်နှင့် အကြမ်းဖက်မှုကို ကာကွယ်နိုင်အတွက် ပုံမှန်သမရိုးကျဖြစ်စေ၊ အခါအားလျော်စွာဖြစ်စေ စည်းဝေးလုပ်ဆောင်သည့် အခမ်းအနားများ၌ သတင်းအချက် အလက်များ ဖလှယ်ခြင်းကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိသည်။

ဘာသာရေးနှင့်ရပ်ရွာလူထုခေါင်းဆောင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းမှ တက်ကြွလှုပ်ရှားသူများအနေဖြင့်လည်း ဘာသာတူခြင်း ပြုလုပ်သည့်ပွဲများနှင့် ဘာသာပေါင်းစုံချစ်ကြည်ရေးပွဲများ စီစဉ်ကျင်းပခြင်းနှင့် ဘာသာရေးအရ သဘောထားကြီးမှု အားကောင်းလာစေရန်နှင့် မတူကွဲပြားမှုကို လက်သင့်ခံနိုင်မှု အားကောင်းလာစေရန်၊ အမုန်းစကားများကို စောင့်ကြည့်အကဲခတ်၍ တွန်းလှန်ဖယ်ရှားပစ်နိုင်မည့် နည်းလမ်းများကို အတူတကွပူးပေါင်းလုပ်ဆောင်လျက်ရှိကြသည်။ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ပါဝင်သည့် ဘာသာပေါင်းစုံ ချစ်ကြည်ရေးညွှန့်ပေါင်းအဖွဲ့က အမုန်းစကားတို့ကို တွန်းလှန်ဖယ်ရှားနိုင်ရေး အတွက် အပိုဒ်ခွဲ ၁၉ နှင့် မြန်မာနိုင်ငံ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်အပါအဝင် ဥပေဒမူကြမ်းကို ထောက်ခံပြောဆိုခြင်း၊ ဆွေးနွေးညှိနှိုင်းခြင်းတို့ ဆက်လက် ပြုလုပ်နေကြပြီး လွှတ်တော်ကမူ ယင်းဥပေဒကြမ်းကို နှစ်ကုန်သည်အထိ အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ပေ။

မန္တလေးတိုင်းဒေသကြီးအတွင်း၌ အရပ်ဘက်လူမှုအဖွဲ့အစည်းနှင့် ဘာသာပေါင်းစုံညီညွတ်ရေး ခေါင်းဆောင်များက ရပ်ရွာခေါင်းဆောင်များ၊ လူငယ်များအကြားတွင် ငြိမ်းချမ်းရေးနှင့် ဘာသာရေးအရ သဘောထားကြီးမှုတို့ အားကောင်းလာစေရေးအတွက် ယခင်နှစ်များကဲ့သို့ပင် အစည်းအဝေးပွဲများနှင့် ပြည်သူ့အခမ်းအနားများ စီစဉ်ကျင်းပလျက်ရှိသည်။ ဘာသာရေးဗဟုဝါဒ သဘောထားကြီးမှုနှင့် ဘာသာရေးအရ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက် နေသူများ၏ အဆိုအရ အမှိုက်ကောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းကဲ့သို့ အခမ်းအနားများသည် လူအသိုက်အဝန်း တစ်ခုနှင့်တစ်ခုကြား အပြန်အလှန်ပြောဆို ဆွေးနွေးမှုကို အစပျိုးပေးနိုင်ပြီး သဘောထားကြီးမှုကို အားကောင်းလာစေနိုင်မည့် အဝေအဖန်မခံရသည့် ၈၊နည်းလမ်းများဖြစ်သည်ဟု သိရှိရသည်။ ဘာသာပေါင်းစုံ ညီညွတ်ရေးအဖွဲ့အတော်များများသည်လည်း နိုင်ငံတစ်ဝန်းရှိ အရပ်ဘက်လူမှုအဖွဲ့အစည်းတို့အား ဘာသာရေးအရ သဘောထားကြီးမှု အားကောင်းလာအောင် လုပ်ဆောင်ကြဖို့ ဆော်သြစည်းရုံးလျက်ရှိကြသည်။

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်တွင် ရမဒန်ဥပုသ်ကာလအတွင်း မွတ်ဆလင်ဆန့်ကျင်ရေးဆူပူအုံကြွမှုကို ဦးဆောင်ခဲ့သည့် ပုဂ္ဂိုလ်နှစ်ဦးအား တရားရုံးက အများပြည်သူတို့ကို "အထိတ်တလန့်ဖြစ်စေမှု" ဖြင့် စက်တင်ဘာလတွင် ထောင်ဒဏ်တစ်နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။ မေလတွင် ဗုဒ္ဓဘာသာဘုန်းကြီးများအပါအဝင် တုတ်မားလက်နက်ကိုင်ဆောင်ထားသော လူ ၁၀၀ - ၂၀၀ ခန့်ပါဝင်သည့် လူအုပ်ကြီးသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအာဏာပိုင်တို့က ရမဒန်ဥပုသ်လအတွင်း ဗလီများဖွင့်လှစ်ခွင့်ကို တားမြစ်လိုက်ပြီးနောက် ဒေသန္တရအစိုးရခွင့်ပြုချက်ဖြင့် ဖွင့်လှစ်ထားခဲ့သည့် အစ္စလာမ်ဘာသာဝင်တို့၏ ယာယီဝတ်ပြုရာနေရာ သုံးနေရာကို အတင်းအကြပ်ပိတ်ပစ်ရန် ဖိအားပေးလာကြသည်။ မီဒီယာတို့၏အဆိုအရ ယင်းလူအုပ်ကြီးသည် ဝတ်ပြုရာနေရာများကို ပိတ်ပေးရန် ဒေသန္တရအာဏာပိုင်တို့ကို ဖိအားပေးခဲ့ကြောင်းသိရှိရသည်။ သို့သော် ဘာသာရေးအရ သဘောထားကြီးမှုကို ထောက်ခံဆောင်ရွက်နေသည့် ဦးစီးနှိုတအမည်ရသည့် ဗုဒ္ဓဘာသာရဟန်းတော်တစ်ပါးဦးဆောင်သည့် အဖွဲ့က မွတ်ဆလင်တို့ကို အားပေးသည့်အနေဖြင့် နှင်းဆီဖြူများ ကမ်းပေးသည့်လှုပ်ရှားမှုဖြင့် လူထု၏အားပေးထောက်ခံမှုများ ရရှိလာပြီးသည့်နောက် မေလ ၁၈ တွင် မြို့နယ်အစိုးရက ဝတ်ပြုရာနေရာများကို ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။ ထိုနှင်းဆီဖြူလှုပ်ရှားမှုသည် မွတ်ဆလင် ဆန့်ကျင်ရေး သဘောထားများအလယ်မှ ထွက်ပေါ်လာသည့် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ကြောင်း အစ္စလာမ်ဘာသာရေး ကောင်စီ၏ တွဲဖက်အတွင်းရေးမှူးဖြစ်သူ ဦးဝဏ္ဏရွှေက မှတ်ချက်ပြုခဲ့သည်။

မြန်မာနိုင်ငံ၌ အမျိုးသားရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးတို့ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် ဘာသာတရားများဘက်က ငြိမ်းချမ်းရေးဆိုင်ရာ အကြံပြုဆွေးနွေးပွဲကို နေပြည်တော်၌ မေလနှင့် နိုဝင်ဘာလတို့တွင် ကျင်းပပေးခဲ့သည်။ တက်ရောက်လာကြ သည့် အစ္စလာမ်၊ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များက ဘာသာရေးအရ သဘောထားကြီးမှုနှင့် အချင်းချင်း အပြန်အလှန်လေးစားမှုတို့ရှိကြရန်လိုကြောင်း ထောက်ခံပြောဆိုခဲ့ကြသည်။

သမ္မတ၊ ဒုတိယသမ္မတ၊ နိုင်ငံခြားရေးဝန်ကြီး၊ ကုလသမဂ္ဂဆိုင်ရာအမေရိကန်သံအမတ်၊ မြန်မာနိုင်ငံဆိုင်ရာသံအမတ်၊ အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်အတွက် အထူးသံအမတ်တို့ပါဝင်သည့် အမေရိကန်ပြည်ထောင်စု၏ အဆင့်မြင့် အရာရှိများနှင့် အရှေ့ အာရှနှင့် လူ့အခွင့်အရေးဆိုင်ရာ အမေရိကန်အစိုးရဌာနမှ အဆင့်မြင့်အရာရှိများက မြန်မာနိုင်ငံ အစိုးရ ဘက်မှ အဆင့်မြင့်အရာရှိများ၊ စစ်တပ်ထိပ်ပိုင်းခေါင်းဆောင်များနှင့်တွေ့ဆုံပြီး နိုင်ငံအတွင်း ဘာသာရေး လွတ်လပ်ခွင့်နှင့် ပတ်သက်၍ အမေရိကန်နိုင်ငံအနေဖြင့် စိုးရိမ်မိပါကြောင်း အစဉ်တစိုက် ပြောဆိုလာခဲ့သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ မွတ်ဆလင်ရိုဟင်ဂျာ အများစု၏ အတိဒုက္ခရောက်နေမှုများ၊ ကချင်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်နက်ကိုင် ပဋိပက္ခများ အလယ်တွင် ကျရောက်နေသည့် ဘာသာရေးအရ လူနည်းစုများကြုံတွေ့ခံစားနေရသည့် အခက်အခဲများ၊ ဘာသာရေး လူနည်းစုများအပေါ် အကြမ်းဖက်မှု နှင့် ပတ်သက်၍ လူမှုကွန်ရက်မီဒီယာတို့တွင် ထောက်ခံရေးသားပြောဆိုနေမှုများအကြောင်းကို အလေးအနက်ထား ပြောကြားခဲ့သည်။

ဘာသာရေးလွတ်လပ်ခွင့်ကို မြှင့်တင်ပေးနိုင်ရန်ရည်ရွယ်၍ ရိုဟင်ဂျာမွတ်ဆလင်များနှင့် ကချင်ခရစ်ယာန်အုပ်စုများ၏ လူ့အခွင့်အရေး ချိုးဖောက်ခံရာမှ လွတ်မြောက်လာသူတို့အား အမေရိကန်အစိုးရက ဇူလိုင်လတွင် နိုင်ငံတော်အဆင့် တွေ့ဆုံပွဲဖြင့် လက်ခံတွေ့ဆုံပေးခဲ့သည်။ ထိုပွဲ၌ ဒုတိယသမ္မတဖြစ်သူက "ကျွန်တော်တို့ဘက်ကလည်း မြန်မာပြည်က အဖိနှိပ်ခံရိုဟင်ဂျာ ပြည်သူတွေအတွက် မားမားမတ်မတ် ရပ်တည်လျက်ရှိပါတယ်။ ပဋိပက္ခတွေက လူမျိုးရေးနယ်နိမိတ်ကို အကြောင်းပြုပြီး ဖြစ်ပေါ်လာတယ်ဆိုပေမယ့် အခုလိုမွတ်ဆလင်နဲ့ ခရစ်ယာန်ဘာသာဝင် လူနည်းစုတွေအပေါ် အကြမ်းဖက်လိုတဲ့ ဗုဒ္ဓဘာသာမျိုး ပေါ်ထွက် လာတာကိုတော့ ကျွန်တော်တို့ လျစ်လျူရှုမထားနိုင်ပါဘူး" ဟူ၍ ပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ် လူမျိုးရေးသန့်စင်မှုနှင့် ရိုဟင်ဂျာတို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရမှုတို့ကိုရည်ရွယ်၍ "လူမျိုးရေးသန့်စင်မှုအနေနဲ့ ရိုဟင်ဂျာတွေကို ပြင်းပြင်းထန်ထန် အင်အားသုံး လုပ်ဆောင်ခဲ့တာကြောင့် လူပေါင်း ၇၀၀,၀၀၀ ကျော်ကို နယ်စပ်ကိုဖြတ်ကျော်ပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံထဲကို ထွက်ပြေး စေခဲ့ပါတယ်.... ကျွန်တော်တို့ရဲ့ သတိပေးစကားသံတွေကလည်း နားမကြားနေသူတွေအပေါ် အရာမထင်ခဲ့ပါဘူး" ဟုပြောကြားခဲ့သည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ၎င်း၏လက်ထောက်ဖြစ်သူနှင့် ဗိုလ်မှူးချုပ်နှစ်ဦးတို့အား တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုတို့အပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများကြောင့် ဇူလိုင်လတွင် အမေရိကန်ပြည်ထောင်စုက ပြည်ဝင်ခွင့်ဗီဇာ နှင့်ပတ်သက်၍ ကန့်သတ်မှုများ ပြုလုပ်ခဲ့သည်။ ဒီဇင်ဘာလတွင် အဆိုပါ ပုဂ္ဂိုလ်တို့ပေါ်၌ပင် ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများကြောင့် အမေရိကန်ပြည်ထောင်စုက ဂလိုဘယ်မက်ဂ်နစ်စကီး ဘဏ္ဍာရေးပိတ်ဆိုမှုကို ထပ်မံပြုလုပ်ခဲ့သည်။

အမေရိကန်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ၏ အုပ်ချုပ်ရေးမှူးက "တရားစီရင်ပိုင်ခွင့်ပြင်ပကနေ သတ်ဖြတ်၊ မုဒိန်းကျင့်၊ ညှင်းပန်းနှိပ်စက်တာတွေနဲ့ ထွက်ပြေးတိမ်းရှောင်ရမှု၊ ပျက်စီးဆုံးရှုံးမှုတွေကြောင့် ဆိုးဆိုးဝါးဝါးကို အတိဒုက္ခရောက်နေရတဲ့ မွတ်ဆလင် ရိုဟင်ဂျာတွေဆီကို ကျွန်တော်သွား ရောက်ခဲ့ပါတယ်။ လူမျိုးရေးသန့်စင်မှုသက်သက်ဖြစ်ပြီး သည်းခံခြင်းတရားမရှိမှုနဲ့ ခွဲခြားဆက်ဆံမှုတွေကြောင့်ဖြစ်ရတာဖြစ်ပါတယ်" ဟုအောက်တိုဘာလတွင် ပြောကြားခဲ့သည်။

အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့်ဆိုင်ရာ အထူးသံအမတ်က ရိုဟင်ဂျာတို့ကို နေရပ်သို့စိတ်ချလက်ချ ပြန်လာခွင့်ပြုဖို့ဆိုလျှင် ဒီထက်ပို၍လုပ်ဆောင်ပေးရဦးမည်ဖြစ်ကြောင်း ဇွန်လတွင် ပြောကြားခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ဘာသာရေးလွတ်လပ်ခွင့်နှင့် လူသားဂုဏ်သိက္ခာကို အလေးထားမှုတို့ ပိုမိုအားကောင်းလာစေရေး အတွက် ပူးပေါင်းဆောင်ရွက်ပေးကြရန် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက နိုင်ငံအသီးသီးကို တိုက်တွန်း ပြောဆိုခဲ့ပြီး

မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့်နှင့်ပတ်သက်၍ ဖိနှိပ်ခံနေရမှုအပေါ် အောက်တိုဘာလတွင် မှတ်ချက်ပြုပြောကြား ခဲ့သည်။

အမေရိကန်အစိုးရက စစ်တပ်ချင်းဆက်ဆံရေးကို ထပ်မံလျှော့ချခြင်း၊ ဇူလိုင်လတွင် မြန်မာ့တပ်မတော်ခေါင်းဆောင်ဟောင်းများနှင့် လက်ရှိခေါင်းဆောင်များကို ပြည်ဝင်ခွင့်ဗီဇာများကန့်သတ်ခြင်း၊ ရခိုင်ပြည်နယ် လူမျိုးရေးသန့်စင်မှုနှင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ပတ်သက်ခဲ့သည့် စစ်တပ်ခေါင်းဆောင်များနှင့် အဖွဲ့များကို ဒီဇင်ဘာလတွင် ဘဏ္ဍာရေးပိတ်ဆို့မှုများ ထပ်မံတိုးမြှင့်လိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် ပါဝင်ကျူးလွန်သူများအား အပြည့်အဝ တာဝန်ခံမှုရှိစေရန် ဖိအားပေးမှုများ ပြုလုပ်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

အမေရိကန်သမ္မတနှင့် တွေ့ဆုံစဉ်ပြောဆိုခဲ့သည့် သဘောထားမှတ်ချက်များကြောင့် တရားစွဲဆိုခံနေရသည့် သိက္ခာတော်ရ ဆရာတော် ဆမ်ဆွန်အပေါ် စစ်တပ်ဘက်က ကြေအေးပေးရေးအတွက် အမေရိကန်အစိုးရသည် မြန်မာအစိုးရ အ ဆ င့်မြ င့်အ ရာ ရှိ များ နှ င့် ပူ း ပေါ င်း ၍ ဦ း ဆော င်စ ည်း ရုံ း ကာ စ ိ တ်တူ သ ဘော တူ သ ံ တ မ န်အ ဖွ ဲ့များ နှ င့်ပူ း ပေါ င်း ညှိ နှိ ုင်း ၍လုပ်ဆောင်ခဲ့သည်။

ရခိုင်ပြည်နယ်၌ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့၏ မူလဘူတအကြောင်းတရားများအတွက် ရေရှည်တည်တံ့နိုင်မည့် ဖြေရှင်းချက်မျိုးပြုလုပ်ပေးရန်၊ နိုင်ငံသားအဖြစ်အသိအမှတ်ပြုပေးနိုင်မည့် ဖိအားပေးမှုမပါသည့် ပွင့်လင်းမြင်သာသည့် လမ်းကြောင်းမျိုး ပေါ်ပေါက်လာစေရန်၊ နေရပ်စွန့်ခွာထွက်ပြေးနေရသူများအနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများသို့ လွတ်လပ်စွာ ဝင်ထွက် သွားလာနိုင်ရန်၊ ရခိုင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးနေသူများနှင့် မီဒီယာတို့ကို အဟန့်အတားမရှိ ဝင်ထွက်သွားလာခွင့်ပြုရန် အမေရိကန်အစိုးရအရာရှိများက ဆက်လက်တောင်းဆိုနေဆဲဖြစ်သည်။ မန္တလေး၊ ကချင်နှင့် အခြားဒေသများတွင် ဘာသာရေးကို အကြောင်းပြု၍ဖြစ်ပေါ်ခဲ့သည့် အကြမ်းဖက်မှုတို့ကို လျော့ပါးစေမည့် အားထုတ်ဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်ကြရန် အစိုးရနှင့် ဘာသာပေါင်းစုံ ညီညွတ်ရေးခေါင်းဆောင်များကို အမေရိကန်သံရုံးကလည်း တိုက်တွန်းပြောဆိုခဲ့သည်။ ၂၀၁၇ ခုနှစ် သြဂုတ်လမှစ၍ အမေရိကန်အစိုးရသည် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံတို့တွင် လူသားချင်းစာနာမှု အကူအညီများပေးနိုင်ရေးအတွက် အမေရိကန်ဒေါ်လာ ၇၂၉ သန်း ကျော်ကို ထောက်ပံ့ကူညီခဲ့ပြီး ယင်းတို့အနက် ၁၁၆ သန်းကျော်သည် မြန်မာနိုင်ငံရှိ စီမံကိန်းများအတွက်ဖြစ်ပြီး ၆၁၃ သန်းကျော်သည် ဘင်္ဂလားဒေ့ရှ်ရှိ စီမံကိန်းများအတွက်ဖြစ်သည်။

မူဆလင်ဆန့်ကျင်ရေးဝါဒဖြန့်မှုများ အပါအဝင် လူထုအချင်းချင်း လူမျိုးရေး ဘာသာရေး အကြမ်းဖက်မှုနှင့် အမုန်းစကားဖြန့်ဝေမှုတို့ကြောင့် ဖြစ်ပေါ်လာမည့် အကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့ အရေးကြီးကြောင်း ရာထူးအဆင့်အသီးသီးမှ သံရုံးအရာရှိများက ထောက်ပြပြောဆိုကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလုံခြုံရေး အကြံပေးအရာရှိ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ အစိုးရဝန်ကြီးများအပါအဝင် အစိုးရဘက်မှ အဆင့်မြင့်အရာရှိများပါဝင်သည့် အစည်းအဝေးပွဲများ၌ အမေရိကန်သံရုံးမှ အရာရှိများက ဘာသာရေးလွတ်လပ်ခွင့်နှင့် သဘောထားကြီးမှုတို့ကို မြှင့်တင် ဆောင်ရွက်ရန် လိုကြောင်း အကြံပြုပြောကြားခဲ့သည်။ ထို့ပြင် နိုင်ငံတော်သမ္မတရုံးမှ အစိုးရအရာရှိများ၊ အမျိုးသားလွှတ်တော် ပြောရေးဆိုခွင့်ရှိသူနှင့် လွှတ်တော်အမတ်များ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းမှ အဖွဲ့ဝင်များ၊ ပညာရှင်များ၊ အခြားအစိုးရ ကိုယ်စားလှယ်တော်များနှင့်လည်း တွေ့ဆုံခဲ့ကြသည်။

ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်၊ ကိုးကွယ်ယုံကြည်ခွင့်ရရှိကြပြီး သိက္ခာရှိရှိ စိတ်ချလက်ချ နေထိုင်ခွင့်ပြုပေးနိုင်မည့် ရေရှည်ခံမည့်ဖြေရှင်းချက်မျိုး ပေါ်ထွက်လာစေရန် အရေးကြီးကြောင်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာ အတွင်းဝန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံအစိုးရရာရှိများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မေလတွင် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

သံရုံးအရာရှိများသည် ဘာသာရေးလွတ်လပ်ခွင့်နှင့် သဘောထားကြီးမှုတို့နှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအရာရှိများ၊ ဒေသန္တရအရာရှိများ၊ အန်ဂျီအိုများ၊ ရပ်ရွာအခြေစိုက်အဖွဲ့အစည်းများမှအဖွဲ့ဝင်များ၊ ဘာသာရေးအုပ်စုများနှင့် တွေ့ဆုံဆွေးနွေးနိုင် ရန်အတွက် လူမျိုးရေးနှင့် ဘာသာရေးအရလူနည်းစုများ အများစုနေထိုင်ရာဒေသများသို့ သွားရောက်ခဲ့ကြသည်။ ပြီးခဲ့သည့် နှစ်များအတွင်း ဘာသာရေးအရ လူနည်းစုများအပေါ်သက်ရောက်မှုရှိခဲ့သည့် ပဋိပက္ခနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့ရာ ရခိုင်နှင့် ကချင်ပြည်နယ်တို့အပြင် လူထုအချင်းချင်း အကြမ်းဖက်မှု သို့မဟုတ် လူမျိုးရေးဘာသာရေးအရ အကြမ်းဖက်မှုဖြစ်နိုင်ခြေ ရှိသည်ဟု ယူဆရသည့်၊ ယင်းသို့ ဖြစ်ပေါ်နေခဲ့သည့်ဒေသများသို့ အမေရိကန်သံအမတ်ဖြစ်သူက သွားရောက်ခဲ့သည်။ အခြေအနေ အရပ်ရပ်ကို သိရှိနိုင်ရန် သံအမတ်ကြီးနှင့် အခြားသံရုံးအရာရှိများ၏ ရခိုင်ပြည်နယ်သို့ အကြိမ်များစွာ သွားရောက်ခဲ့ခြင်းက အစိုးရနှင့်ပူးပေါင်း၍ ဘာသာရေးလွတ်လပ်ခွင့် အပါအဝင် နိုင်ငံအတွင်းရှိ လူ့အသိုင်းအဝိုင်းအားလုံး၏ အခွင့်အရေးများအတွက် ထောက်ခံပြောဆို လုပ်ကိုင်နေသည့်သံရုံး၏ ကြိုးပမ်းလုပ်ဆောင်မှုများ၊ နည်းဗျူဟာများအား အများသူငါ သိရှိစေခဲ့သည်။

အမေရိကန်သံရုံးသည် လူ့အဖွဲ့အစည်းတွင်းမှ ကဏ္ဍပေါင်းစုံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး သံရုံး၏လူမှုကွန်ရက်မီဒီယာ အကောင့်များမှနေ၍ ဘာသာရေးလွတ်လပ်ခွင့်နှင့် သဘောထားကြီးမှုတို့ကို လေးစားမှုရှိစေရေး၊ စည်းလုံးညီညွတ်မှုရှိစေရေးအတွက် ဆက်လက်တောင်းဆိုမှုများ ပြုလုပ်လျက်ရှိသည်။ လူထုစိတ်ဝင်စားမှုရှိသည့် ပွဲသဘင်အခမ်းအနားများ၌ သံရုံး၏ ကိုယ်စားလှယ်များက ဘာသာရေးလွတ်လပ်ခွင့်အတွက် တောင်းဆိုခြင်း၊ ရပ်ရွာလူထုအတွင်းပဋိပက္ခများ၊ အမုန်းစကား များဖြစ်ပွားနေမှုကို ဆန့်ကျင်ကြောင်းပြောဆိုခြင်းတို့ ပြုလုပ်လျက်ရှိသည်။ သံအမတ်ကြီးအပါအဝင် သံရုံးကိုယ်စားလှယ်များသည် ဗုဒ္ဓဘာသာ၊ မွတ်ဆလင်၊ ခရစ်ယာန်၊ ဂျူး၊ ဟိန္ဒူဘာသာတို့မှ ဘာသာရေးခေါင်းဆောင်များ၊ တိုင်းရင်းသားလူနည်းစုတို့မှ ဘာသာရေးခေါင်းဆောင်များ၊ ခရစ်ယာန်ဘာသာ အယူဝါဒရေးရာ သင်ကြားရေးအဖွဲ့ဝင်များ အပြင် ဘာသာရေးနှင့်နွယ်သည့် အဖွဲ့အစည်းများ၊ အန်ဂျီအိုအဖွဲ့များနှင့် မကြာမကြာ တွေ့ဆုံကာ ဘာသာရေးလွတ်လပ်ခွင့်နှင့် သဘောထားကြီးမှုတို့နှင့် ပတ်သက်၍ ထောက်ခံပြောဆိုဆောင်ရွက်လျက်ရှိသည်။ ဘာသာရေးအရ သဘောထားကြီးမှု အားကောင်းလာစေရန်ရည်ရွယ်၍ ဗုဒ္ဓဘာသာ၊ ခရစ်ယာန်၊ မွတ်ဆလင်နှင့် ဂျူးဘာသာတို့၏ ဘာသာရေးအားလပ်ရက်များတွင် သက်ဆိုင်ရာပွဲများကို သံရုံးမှ ကမကထပြု ကျင်းပ ပေးလျက်ရှိပြီး ထိုပွဲများသို့ ဘာသာဝင်အားလုံးတို့အား ဝင်ရောက်ဆင်နွဲကြရန် ဖိတ်ခေါ်လေ့ရှိသည်။ ထို့ပြင် သံရုံး၏ ဖေ့စ်ဘွတ် စာမျက်နှာတွင် ဘာသာရေးအရ အတူယှဉ်တွဲနေနိုင်ရေး၊ သဘောထားကြီးရေးတို့နှင့်ပတ်သက်သည့် ပို့စ်များကိုမျှဝေခြင်း၊ အမေရိကန်ပြည်ထောင်စု၏ဝိသေသလက္ခဏာကို မျှဝေပေးခြင်းတို့ ပြုလုပ်လျက်ရှိသည်။

သံအမတ်သည် ရိုဟင်ဂျာနှင့် အခြားလူနည်းစုများ၏ အခြေအနေအရပ်ရပ်ကို မြှင့်တင်ပေးနိုင်ရန်နှင့် ၂၀၁၇ ခုနှစ် လူမျိုးရေး သန့်စင်မှုအတွက် တာဝန်ခံမှုရှိဖို့လိုကြောင်းကို ဆွေးနွေးပြောဆိုနိုင်ရန်အတွက် ပြည်တွင်းပြည်ပမှ မီဒီယာများနှင့် တွေ့ဆုံ မေးမြန်းခန်းများ ပြုလုပ်ခဲ့သည်။ ဘာသာရေးတင်းမာမှုများ၊ မူဆလင်ဆန့်ကျင်ရေး ခွဲခြားဆက်ဆံမှုများနှင့် ပတ်သက်၍ အလေးအနက်ထားပြောကြားမှုများကို သံရုံးက ပုံမှန်ထုတ်ပြန်လျက်ရှိသည့်အပြင် ဘာသာရေးအရ မတူကွဲပြားမှု၊ စည်းလုံးညီညွတ်မှုနှင့် သဘောထားကြီးမှုတို့နှင့်ပတ်သက်၍ လေးစားလိုက်နာမှုရှိကြရန် တောင်းဆိုလျက်ရှိသည်။

ရန်ကုန်နှင့် မန္တလေးရှိ သံရုံးပိုင်အဆောက်အအုံများ၊ အထောက်အကူပစ္စည်းများ အသုံးပြု၍ သက်ဆိုင်ရာ အသိုက်အဝန်းမှ ခေါင်းဆောင်များ၊ မီဒီယာများ၊ ကျောင်းသားများနှင့် အခြားသူများပါဝင်သည့် ရပ်ရွာလူထုအချင်းချင်း သဘောထားကြီးမှုနှင့် အပြန်အလှန်လေးစားမှုတို့နှင့်ပတ်သက်သည့် အကြောင်းအရာများ ဆွေးနွေးနိုင်ရန် အများပြည်သူတို့ တက်ရောက်ကြည့်ရှုနိုင်သည့် အစီအစဉ်များ ပြုလုပ်ပေးလျက်ရှိသည်။ အွန်လိုင်းပေါ်မှ အမုန်းစကားများကို တွန်းလှန်ပစ်နိုင်ရန်နှင့် ကောလာဟလများ၊ သတင်းအမှားများ ပျံ့နှံ့မှုကို တားဆီးနိုင်ရန်အတွက် တက်ရောက်လာသူများအား ဒစ်ဂျစ်တယ်နှင့် မီဒီယာသိနားလည်မှုဆိုင်ရာ မြှင့်တင်ပေးသည့် အစီအစဉ်များကို သံရုံးက ကြီးမှူးကျင်းပပေးလျက်ရှိသည်။ ထို့ပြင် လူမှုကွန်ရက်မီဒီယာပေါ်၌ ပေါ်ပေါက်လာတတ်သည့် လုပ်ကြံသတင်းအမှားများနှင့် အမုန်းစကားများပျံ့နှံ့မှုကို တွန်းလှန်ဖယ်ရှားပစ်နိုင်မည့် နည်းလမ်းများနှင့် ပတ်သက်သည့် သင်တန်းများတက်ရောက်နိုင်ရန် အမေရိကန်နိုင်ငံသို့ ငွေကြေးအကုန်ကျခံ၍ သံရုံးက ပို့ဆောင်ပေးလျက်ရှိသည်။ ပြီးခဲ့သည့်နှစ်များအတွင်း သံရုံးအနေဖြင့် ဘာသာရေးလွတ်လပ်ခွင့်နှင့် သဘောထားကြီးမှုတို့ အားကောင်းလာစေရန် အစီအစဉ်များ ချမှတ်ဆောင်ရွက်နေသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ ကိုးကွယ်ယုံကြည်မှု အခြေခံသည့် အဖွဲ့အစည်းများအား ပံ့ပိုးကူညီခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ပေးခဲ့သည်။

ဘာသာရေးလွတ်လပ်ခွင့်များကို ဆိုးဆိုးရွားရွား ချိုးဖောက်မှုနေမှုများတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် နှုတ်ဆိတ် နေခြင်းတို့ကြောင့် ၁၉၉၈ အပြည်ပြည်ဆိုင်ရာ ဘာသာရေးလွတ်လပ်ခွင့် အက်ဥပဒေအရ ၁၉၉၉ ခုနှစ်ကတည်းကစ၍ မြန်မာနိုင်ငံကို "အထူးစိုးရမ်ဖွယ်ရာ (စီပီစီ) နိုင်ငံ"" အဖြစ် သတ်မှတ်ခဲ့သည်။ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံကို စီပီစီ နိုင်ငံအဖြစ် ထပ်မံသတ်မှတ်ခဲ့ပြီး ယင်းသတ်မှတ်ချက်နှင့်အညီ အောက်ပါ ပိတ်ဆို့ဒဏ်ခတ်မှုကို ချမှတ်ခဲ့သည်။ ဥပေဒပုဒ်မ ၄၀၂ (ဂ) (၅) နှင့်အညီ ၂၂ စီအက်ဖ်အာ ၁၂၆.၁ (က) တွင်ဖော်ပြထားသည့် လက်နက်ကုန်သွယ်ခွင့်ကို ဆက်လက် ပိတ်ပင်တားမြစ်ခဲ့သည်။